ယနေ့မြန်မာ နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၃)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၁၂-၁၁-၂၀၂၄၊ အင်္ဂါနေ့ ။

### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ သို့



### လှည့်လည်ကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇီရာနန္ဒသုဗောဓာရုံ ကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

### ယနေ့ ဖတ်စရာအညွှန်း

နီကိုပက်ဇ်အား ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား

စာမျက်နှာ ၁၁

ပညာဘဏ်တိုက်ဖွင့်လှစ်ရန် လူတိုင်းပါဝင်သင့်ပေ (ဆောင်းပါး)

စာမျက်နှာ ၁၇

### တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့။**

# နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်

Naypyitaw State Academy ကို "ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ (၂)နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကို သင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

Naypyitaw State Academy ကို စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မဟာဌာနကြီး လေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့ရာမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီး ခုနစ်ခု၊ အထူးပြုဘာသာရပ် ၂၀ တွင် ကျောင်းသား၊ ကျောင်းသူ ၁၅၀၀ ခန့်ဖြင့် ဘက်စုံပညာရပ်များ ဖြန့်ဝေရာ ပညာရပ်ဝန်းတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ Naypyitaw State Academy တွင် အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားသည့်အပြင် ဘွဲ့နှင်းသဘင်ခန်းမ၊ ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်လျက်ရှိပါကြောင်း၊ Naypyitaw State Academy ၏ ခံ့ညားထည်ဝါသော ဂုဏ်သတင်းကို အားလုံးထိန်းသိမ်းမြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Naypyitaw State Academy တည်ထောင်ခြင်း (၂)နှစ်ပြည့် အခမ်းအနားၣ် ပြောကြားခဲ့သည်။

နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်သည့် Naypyitaw State Academy အမှတ်တံဆိပ် ဆောင်ပုဒ်သည် "ပညာဇေ အဓိပတိ" ဟု သတ်မှတ်ထားသည်။ အဆိုပါ ဆောင်ပုဒ်မှာ "ပညာသည်သာ အရှင်သခင်၊ ပညာသည်သာ အကြီးအမှူး၊ ပညာသည်သာ ဦးဆောင်သူ" ဖြစ်သည်ဟု လေးလေးနက်နက် ဖော်ညွှန်းထားခြင်းဖြစ်သည်။ ပညာကို ဦးထိပ်ပန်ဆင်ကာ ပညာကို အထွတ်အမြတ်ထားပြီး သင်ယူလေ့လာနိုင်သည့် ဌာနကြီးဖြစ်သည်ဟု ရည်ညွှန်းထားသည်။

သို့ဖြစ်ရာ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်မည့် Naypyitaw State Academy ၌ သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားမည့်အပြင် ဘွဲ့လွန်မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## သီလရှင်ဆရာလေးများအား တစ်နှစ်စာ ဆွမ်း၊ ဆွမ်းဟင်းအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာသကျသီဟဘုရားဝင်းအတွင်း၌ မဟာဗောဓိဝေယျာဝစ္စအဖွဲ့မှ သီလရှင်ဆရာလေးများအား အပတ်စဉ် အဝေးဖိတ်၊ အနီးဖိတ်တို့တွင် ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းရာသို့ အလှူရှင် မြန်မာစာဌာနမှူး ဆရာမ ဒေါ်သန်းအေးအား ရည်စူး၍ မြန်မာစာဌာနမှူး ဦးအောင်သန်းမိသားစုက ယခင်က လှူဒါန်းထားငွေကျပ် ခုနစ်သိန်း၊ ယခုဖြည့်စွက်လှူဒါန်းငွေကျပ် ငါးသိန်း၊ စုစုပေါင်း တစ်နှစ်စာ(ဆွမ်း၊ ဆွမ်းဟင်း) အတွက် အလှူငွေကျပ် ၁၂ သိန်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါနေရာ၌ ပေးအပ်လှူဒါန်းရာ မဟာဗောဓိဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်သူ ဒေါ်ဝင်းကြည်နှင့် အလုပ်အမှုဆောင်အဖွဲ့က လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြောကြားကာ အလှူရှင်တို့ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။



**(အပေါ်ပုံ)(၀၅၃)**

## (၁၄)ကြိမ်မြောက် မြို့နယ်ပညာရေးမိသားစု၏ အာစရိယပူဇော်ပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အောင်မြေသာစံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ (၁၄)ကြိမ်မြောက် မြို့နယ်ပညာရေးမိသားစု အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ရာဇာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကြီး(ပညာ)နှင့် ပညာရေးဝန်ထမ်းများ၊ ကန်တော့ခံအငြိမ်းစားမြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူး(၁၅)ဦး၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကန်တော့ခံ အငြိမ်းစား ပညာရေးမှူးများအား တက်ရောက်လာကြသူများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး၊ ကန်တော့ခံအငြိမ်းစား မြို့နယ်ပညာရေးမှူးတစ်ဦးလျှင် တစ်သိန်းငါးသောင်းကျပ်၊ အငြိမ်းစား ဒုတိယမြို့နယ်ပညာရေးမှူး တစ်ဦးလျှင် တစ်သိန်းနှစ်သောင်းကျပ်၊ အငြိမ်းစားလက်ထောက်မြို့နယ်ပညာရေးမှူး တစ်ဦးလျှင် တစ်သိန်းကျပ်နှုန်းဖြင့် တာဝန်ရှိသူများက ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ အငြိမ်းစား မြို့နယ်ပညာရေးမှူး ဆရာကြီး၊ ဆရာမကြီးများက ဩဝါဒစကား ပြောကြားပေးကြသည်။

အဆိုပါ အခမ်းအနားတွင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး (၁၅)ဦးတို့အား စုစုပေါင်း သိန်းနှစ်ဆယ်နှင့် နှစ်သောင်းကျပ် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**(၀၉၃)**

## အုန်းချောဈေး၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအနေဖြင့် ဈေးများရှိ ဈေးသူ၊ ဈေးသားများ မီးသတိမူရေးနှင့် ဈေးဆိုင်ခန်းများ စစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက အုန်းချောကျေးရွာရှိ ရန်ကင်းပျံကျဈေး၌ ဆောင်ရွက်ကြသည်။

အဆိုပါ ဈေးကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးဟန်နီကို၊ ဈေးအုပ်ချုပ်သူ ဦးခင်ဇော်၊ ရာအိမ်မှူး ဦးခင်မောင်ဝင်း၊ ဦးကျော်စိုးလင်း(အငယ်တန်းအင်ဂျင်နီယာ-၂)၊ ဦးတင့်လွင်(လျှပ်စစ်ကျွမ်းကျင်-၃)တို့က ရန်ကင်းပျံကျဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးရေးနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ရန်ကင်းပျံကျဈေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးရာတွင် မီးအသုံးပြုဆောင်ရွက်သည့် ဆိုင်များ မီးကြွင်းမီးကျန် မရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်းအသုံးပြုမှု၊ ဈေးရှိ ရေလှောင်ကန်များ အစရှိသည်များကို စစ်ဆေးခဲ့ကြသည်။

**(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများကိုလည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၆၅)**



### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား: **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာ စကားမှ ကောက်နုတ်ချက် )







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

◎ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာ နာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ရွှေကျင် နိကာယဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင် သာသနာပိုင် မဟာသုဗောဓာရုံကျောင်း တိုက်များ၏ မဟာနာယက အဘိဓဇ မဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော် ကြီး ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ နှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူး ပြုသည့် ပင့်ဖိတ်ထားသော ဆရာတော် ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေး မှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် သာသနာ့မဟာဗိမာန်တော်အတွင်း ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ် လှူဒါန်းသည်။

စာမျက်နှာ ၄ သို့ ◎



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း နေပြည်တော်ဥတ္တရသီရိ မြို့နယ် ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက် ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၅၃၂၃၃၄၀ နှင့် လှူဒါန်းငွေကျပ် ၈၀၆၉၀၈၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၃၃၉၂၄၁၄၀ ဖြစ်

❂ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်အလှူခံကျောင်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒ သုဗောဓာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကိုနာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒ သုဗောဓာရုံကျောင်းတိုက် ပါမောက္ခချုပ် ဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၅ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

❂ စာမျက်နှာ ၄ မှ

ယင်းနောက် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက်ဆရာတော်နှင့် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော်တို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်ကြသည်။

## ရေစက်သွန်းလောင်းအမျှပေးဝေ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံမှ ရေစက်သွန်းချတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင် (တန်ဖိုးငွေကျပ် ၅၃၂၃၃၄၀)နှင့် လှူဒါန်းငွေကျပ် ၈၀၆၉၀၈၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၃၃၉၂၄၁၄၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၇၀ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၁-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉၇၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လိုက်လှဲစွာ ကြိုဆိုနေမှု မြင်ကွင်းပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက်ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး ကြိုဆိုညစာစားပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချူချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချူချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့် ဒရုန်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသားပြည်သူများက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သောကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားအသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ လူမျိုးပေါင်းစုံ ညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံဇီဝဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ် ဘာသာရေးအဖွဲ့ကြီးတို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်းသဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်ဆွေးနွေးသည်။

အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲနိုင်ခဲ့ခြင်းအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့ (ယာယီ)က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

## တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၁၁ )ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များကိုယ်စား
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်
ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း
ဟုတ်ကြန့် (ဖူကင်)တရုတ်အမျိုးသားအသင်း
ကောင်းတုံကုန်သည်နှင့် လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်

(၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့ပြီး ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၏ အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ဝန်ကြီးဌာနခြောက်ခုမှဝန်ထမ်းများ၊ ပြင်ပမီဒီယာများနှင့် အသင်းအဖွဲ့များပါဝင်သော ၄၈ ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၁

၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ ယဉ်ကျေးမှု ဆွေးနွေးဖလှယ်ရေး နှစ်နှင့် ၂၀၂၅ ခုနှစ်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်အကြို လှုပ်ရှားမှုအဖြစ် တရုတ်-မြန်မာနှစ်နိုင်ငံ ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာ မြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံမီဒီယာ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ၂၀၂၄ ခုနှစ် တရုတ် - မြန်မာ ယဉ်ကျေးမှု ဖလှယ်ရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်တို့ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားနှင့် မီဒီယာဖိုရမ်သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာ နှင့် အဖွဲ့အစည်းများမှ ခုနစ်ဦး စုစုပေါင်း ၄၈ ဦး ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ထွက်ခွာသွားသည်။

### အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်

အဆိုပါ ခရီးစဉ်တွင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယောင်အမ်းခရိုင်ရှိ ကွမ်းလုရှေးမြို့ဟောင်း၊ ချူရုံမြို့ရှိ ရွှမ်းပေါ်ခရိုင်မီဒီယာစင်တာ၊ ယီတိုင်းရင်းသားချည်ထိုး ဒစ်ဂျစ်တယ်လုပ်ငန်း ဥယျာဉ်များတွင် ပန်းမန်အခြေခံ ခေတ်သစ်လယ်ယာ စိုက်ပျိုးရေး၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ခရီးသွားလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှုများ၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများနှင့် ရိုးရာလက်မှုပညာ ထိန်းသိမ်းရေး ဆောင်ရွက်မှု အခြေအနေများကို သွားရောက် လေ့လာကြမည်ဖြစ်ကြောင်း၊ ထိုသို့ ယဉ်ကျေးမှု ဖလှယ်ရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ချက်များမှတစ်ဆင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ ချစ်ကြည်ရင်းနှီးမှု၊ နားလည် သဘောပေါက်မှုများ ပိုမိုတိုးမြင့်စေပြီး နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မြဲစေရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံခရီးစဉ်တွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များအပေါ် နောက်ဆက်တွဲ ဆောင်ရွက်ချက်အဖြစ် အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်းသိရသည်။**သတင်းစဉ်**

# အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုပညာသင်တန်းကျောင်း စီမံကိန်းဖွင့်ပွဲအခမ်းအနားနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၁

အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုပညာ သင်တန်းကျောင်းစီမံကိန်း ဖွင့်ပွဲ အခမ်းအနားနှင့် အဝတ်အထည် ချုပ်လုပ်မှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နေပြည်တော် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ Guangxi Economic and Trade Vocational Institute (GXETVI)၊ Shenzhen Bok Times Technology and Development Co., Ltd. နှင့် Nanning Orient Daytonz Imp. & Exp. Co., Ltd. မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ သင်တန်းဆင်း သင်တန်းသားများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဝတ်အထည်နှင့် အထည်ချုပ်ဆိုင်ရာ စီမံကိန်းနှစ်ခုဖြစ်သည့် Modern Craftsmanship Institute for Textile and clothing နှင့် Textile and Apparel Industry Workers Training Center – Luban Workshop တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute (GXETVI) နှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အထည်ချုပ်သင်တန်းများကို စနစ်တကျ သင်ရိုးညွှန်းတမ်းများရေးဆွဲ၍ သင်ကြားလေ့ကျင့်ခြင်းဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်း အငယ်စား၊အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang ၊ Nanning Orient Dayjtonz Imp and Exp Co., Ltd. မှ General Manager Mr. Xie Weidong တို့က အမှာစကားများပြောကြားကြပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) တွင် အထည်ချုပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာများကို Mr. Xie Weidong နှင့်အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးတို့ကလဲလှယ်၍ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီ လက်မှုသင်တန်းကျောင်းစီမံကိန်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုပြသသည်။

ထို့နောက် အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang က သင်တန်းပြီးမြောက်သူများ စာရင်းကို ဖတ်ကြား၍ ဆုရရှိသော သင်တန်းသားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ ထောက်ပံ့လှူဒါန်းမည့် သင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများပေးအပ်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းများ ဆောင်ရွက်ကြပြီး စီမံကိန်း ကမ္ပည်းမော်ကွန်းအား ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး၊ Nanning Orient Dayjtonz Imp and Exp Co., Ltd. မှ General Manager တို့က အမွှေးနံ့သာဖြင့် ပက်ဖျန်းပြီး ဒုတိယဝန်ကြီးနှင့်အခမ်းအနား တက်ရောက်လာသူ များသည် သင်တန်းခန်းမအတွင်း သင်တန်းဆင်း Project များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကိုတက်ရောက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆွေးနွေးနိုင်ခဲ့ပါသည်။

ထို့ပြင် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်မှုပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်း၊ မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ဖိတ်ခေါ်နိုင်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ်အသိပညာပေး ဟောပြော




**မိတ္ထီလာ နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ အခြေခံပညာဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက မိတ္ထီလာမြို့၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းခွဲ အမှုဆောင် ဦးရွှေကြည်က မူးယစ်ဆေးဝါးသမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် HIV/AIDS ရောဂါအကြောင်းကို အသိပညာပေး ဟောပြောကြသည်။

အလားတူ မိတ္ထီလာမြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်းတွင် အသိပညာဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)

၀-၀-၀-၀-၀-၀-၀

# စားသုံးသူရေးရာအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၁၁**



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီး ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော စားသောက်ကုန်များဝယ်ယူစားသောက်နိုင်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက စားသုံးသူရေးရာ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝေဠုအောင်နှင့် ဝန်ထမ်းများက စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားများ၊ စားသုံးသူကော်မတီအဆင့်ဆင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုများကို တိုက်ရိုက်သုံးစွဲသူ ပြည်သူအများ ရရှိခံစားရမည့် အကျိုးကျေးဇူးများနှင့်သိရှိသင့်သည့်အချက်အလက်များအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသည့် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများအား စားသုံးသူရေးရာဆိုင်ရာ ဟောပြောမှုများအပေါ် နားလည်နိုင်မှု စွမ်းရည်အခြေအနေများ မေးမြန်းပြီး စားရေးကိရိယာသုံးလက်ဆောင်ပစ္စည်းဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၄၀)

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

# ဘုတလင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၂၆ ဦးကို သတ်ဖြတ်ပြီး နေအိမ် ၅၀၀ ခန့်ကို မီးရှို့၍ ဒေသခံပြည်သူများအား ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁




စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၂၆ ဦးကို သတ်ဖြတ်ပြီး နေအိမ် ၅၀၀ ခန့်ကို မီးရှို့၍ ဒေသခံပြည်သူများအား ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အကြမ်းဖက်သောင်းကျန်းသူများသည် ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်/ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အေးချမ်းစွာလုပ်ကိုင်နေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းများ မရှိကြောင်းနှင့် ရပ်ကွက်/ကျေးရွာများအား မီးရှို့ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရသည်။

ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့ သင်တန်းများအားလုံး ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့ သင်တန်းများအားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန



# နှစ်ရှည်ကုက္ကိုပင် လဲကျပြီး နေအိမ်ပေါ်ပိ လမ်းပိတ်ဆို့၍ ရှင်းလင်းဖယ်ရှား

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၀၈တွင် နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီခန့်က လုံးပတ် ၈ ပေခန့်၊ အမြင့် ၃၈ ပေခန့်ရှိ နှစ်ရှည်ကုက္ကိုပင် လဲကျပြီး နေအိမ်တစ်လုံးပေါ်ပိပြီး လမ်းပိတ်ဆို့နေသဖြင့် အောင်မြေသာစံမြို့နယ် မီးသတ်စခန်းနှင့် သီရိမာလာအရှေ့၊ အနောက်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက လာရောက်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက သက်သေများနှင့်အတူ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နွယ်နွယ်ဝင်း ဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော ခြင်းတောင်းများအတွင်းမှ ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၂၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၄၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နွယ်နွယ်ဝင်း(၃၈)နှစ်အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)






## နီကိုပက်ဇ်အား ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား

**လန်ဒန် နိုဝင်ဘာ ၁၁**

အာဆင်နယ်အသင်းသည် ကိုမိုအသင်းကွင်းလယ်ကစားသမား နီကိုပက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကိုမိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ကိုမိုအသင်းကလည်း နီကိုပက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ကိုမိုအသင်းထံမှ နီကိုပက်ဇ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)
(NGB)





## ဘရူနိုဖာနန်ဒက်ဇ် မန်ချက်စတာယူနိုက်တက်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၂၅၀ ပြည့်မြောက်

**မန်ချက်စတာ နိုဝင်ဘာ ၁၁**

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ် မန်ချက်စတာယူနိုက်တက်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၂၅၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းက လက်စတာစီးတီးအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၂၅၀ကစားပြီး ၈၃ဂိုးထိ သွင်းယူထားသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်ဇ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)
(NGB)

၀-၀-၀-၀-၀-၀-၀-၀

## အလက်ဇန္ဒားအာနိုးလ် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်များစွာခန့် အနားယူရမည်

**လန်ဒန် နိုဝင်ဘာ ၁၁**

လီဗာပူးအသင်း နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်များစွာခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လီဗာပူးအသင်းက အေဗီလာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၅ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ)
(NGB)



## 2024 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Rebecca Marino ဆွတ်ခူး

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကနေဒါတင်းနစ်မယ်Rebecca Marino က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကနေဒါ တင်းနစ်မယ် Rebecca Marinoသည် 2024 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Alycia Parks အား ၆-၂၊ ၆-၁ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ Rebecca Marino က "ကျွန်မ အခုလို 2024 Moselle Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)(NGB)



## နည်းပြ ဂျူရစ်အား နည်းပြရာထူးမှ ရိုးမားအသင်းထုတ်ပယ်

**တူရင် နိုဝင်ဘာ ၁၁**

စီးရီးအေကလပ် ရိုးမားအသင်းသည် အသင်းရလဒ်များဆိုးရွားခြင်းကြောင့် မကြာသေးမီက ခန့်အပ်ထားသည့် နည်းပြ ဂျူရစ်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ရိုးမားအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၁၂ပွဲကစားအပြီးတွင် ရမှတ် ၁၃မှတ်ဖြင့် အဆင့် ၁၂နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ဂျူရစ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျူရစ်သည် ရိုးမားအသင်းအား ၂၀၂၄ခုနှစ် စက်တင်ဘာ ၁၈ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၂ပွဲတွင် ၄ပွဲနိုင်၊ ၃ပွဲသရေ၊ ၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ရိုးမားအသင်းထုတ်ပြန်ချက်တွင် "ဂျူရစ်အား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးအမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ (အောက်ပုံ)
(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* မန်ချက်စတာစီးတီးအသင်းသည် ဆိုစီဒက်အသင်းကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား စတာလင်ပေါင် သန်း ၅၀ ဝန်းကျင်ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပရီးမီးယားလိဂ်ပွဲစဉ် (၁၁)ကစားအပြီးတွင် လီဗာပူးအသင်းက ရမှတ် ၂၈မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အဆင့် (၂)နေရာမှ မန်ချက်စတာစီးတီးအသင်းအား (၅)မှတ်၊ အဆင့် (၃)နေရာမှ ချဲလ်ဆီးအသင်သားအား (၉)မှတ် ထိဖြတ်ထားနိုင်ခဲ့သည်။

(NGB)

## ၂၀၀၂ခုနှစ်နောက်ပိုင်း ပထမဆုံး ပရီးမီးယားလိဂ်နိုင်ပွဲ အစ်ဆွစ်ချ်အသင်း ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၁**

ပရီးမီးယားလိဂ်တန်းတက်ကလပ် အစ်ဆွစ်ချ်အသင်းသည် ၂၀၀၂ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ်နိုင်ပွဲရရှိခဲ့သည့်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အစ်ဆွစ်ချ်အသင်းသည် စပါးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီမှစတင်ကာ တန်းဆင်းခဲ့ရပြီး ယခုနှစ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီရောက်မှသာ ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်လာနိုင်ခဲ့သော်လည်း ပွဲစဉ် ၁၁ကစားပြီးချိန်မှသာ နိုင်ပွဲရယူနိုင်ခဲ့သည်။

အစ်ဆွစ်ချ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၁၁)ပွဲကစားအပြီးတွင် ရမှတ် ၈မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁၇)နေရာတွင် ရပ်တည်ခဲ့သည်။

(ယာပုံ)
(NGB)



## ရယ်ဂီလွန် ဆောင်းရာသီဈေးကွက်တွင် စပါးအသင်းမှ ထွက်ခွာမည်

**လန်ဒန် နိုဝင်ဘာ ၁၁**

စပါးအသင်း နောက်ခံကစားသမား ရယ်ဂီလွန် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် စာချုပ်ဖျက်သိမ်းပြီး အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် စပိန်လာလီဂါကလပ်အသင်းများဖြစ်သည့် ဆီဗီလာအသင်းနှင့် ဂီတာဖေးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ရယ်ဂီလွန်သည် စပါးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၇ပွဲကစားပြီး ၂ဂိုး သွင်းယူသော်လည်း အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှထွက်ခွာသွားမည် ဖြစ်သည်။

ထို့ကြောင့် နောက်ခံကစားသမား ရယ်ဂီလွန်အနေဖြင့် စပါးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ)
(NGB)



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ချွမ်းပြည်နယ်၊ ချန်သူးမြို့တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့သို့ထွက်ခွာ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ချွမ်းပြည်နယ်၊ ချန်သူးမြို့တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးဝင်းမောင်မောင်တို့ လိုက်ပါသွားကြပြီး ကူမင်းမြို့မှ ချန်သူးမြို့သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာ ချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (2024 Sichuan International Friendship Cities Cooperation and Development Conference)၊ နိုဝင်ဘာ ၁၄ရက်နေ့တွင်ကျင်းပမည့် ညောင်ဦးမြို့နယ်၊ ပုဂံမြို့နှင့် စစ်ချွမ်းပြည်နယ်၊ လဲ့ရှန်းမြို့တို့အကြား ချစ်ကြည်ရေး ညီအစ်မမြို့တော်တည်ထောင်ရေး နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနှစ်နိုင်ငံအစိုးရအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်နေ့တွင် ချန်သူးမြို့မှ လဲ့ရှန်းမြို့သို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုပူဇော်ကန်တော့

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဌာနနှစ်ပတ်လည်နေ့အဖြစ် အငြိမ်းစားဝန်ထမ်းများအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအငြိမ်းစားအရာရှိကြီး ၁၁ဦး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူးဦးဇော်ထွန်းနှင့်ညွှန်ကြားရေးမှူးများ၊ စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့် ကော်မတီဝင်များ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ထို့နောက် အငြိမ်းစားဝန်ထမ်းများအား တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ပူဇော်ကန်တော့ကြပြီး ဂါရဝပြုပစ္စည်းများ ပေးအပ်ကြရာ တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)ဦးယဉ်မောင်က ဆုပေးစကားနှင့်ဆုံးမစကားပြောကြားသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားဝန်ထမ်းများနှင့်အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(ဝ၉၃)



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေဗဟုသုတလေ့လာဖတ်ရှုလာစေရန်နှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နံရံကပ်စာစောင်ပြပွဲနှင့် နယ်လှည့်စာကြည့်တိုက်ကို အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၊ သီတာမော်ခန်းမတွင် ယနေ့နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အခမ်းအနားတွင် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်က အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကြည့်တိုက်များကို အသုံးပြုတတ်စေရေး၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာပေ၏အကျိုးကျေးဇူးများအကြောင်း၊ ကလေးအလုပ်သမားပပျောက်စေရေးနှင့် လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးဆိုးကျိုးများစသည့်တို့ကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် အသိပညာပေးနံရံကပ်စာစောင်၊ စာအုပ်စာစောင်များ ပြသခြင်းနှင့်အတူ သုတ/ရသ စာအုပ်(၂၅၀)အုပ်ကို အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၉၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

## အောင်မြင်ဖြစ်ထွန်းသည့် မိုးစပါးများ မကြာမီရိတ်သိမ်းတော့မည်

**နတ်မောက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆည်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ မိုးကောင်းသောက်စနစ်ဖြင့်လည်းကောင်း ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးထားရှိသော မိုးစပါးများ မကြာမီရိတ်တော့မည်ဖြစ်ကြောင်း စပါးစိုက်တောင်သူများထံက သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးများကို စိုက်ပျိုးရာတွင် ပုံမှန်စိုက်ပျိုးလျက်ရှိသော မနောသုခ၊ ဆင်းသုခ၊ ဧရာမင်းစပါးမျိုးများအပြင် တစ်ဧကစပါးအထွက်နှုန်း တင်း ၁၅၀ ထွက်ရှိနိုင်သော ဆာဖိုးသာစပါးမျိုးနှင့် YSR-1 စပါးမျိုးသစ်များလည်း အထွက်နှုန်းကောင်းမွန်ရေး မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးလျက်ရှိပြီး စံကွက်များ၊ စမ်းသပ်ကွက်များ သတ်မှတ်၍ စိုက်ပျိုးလျက်ရှိသည်။ ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေးလိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ပေးခြင်း ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းမှ စတင်စိုက်ပျိုးရှိသော မိုးစပါးများ မကြာမီရိတ်သိမ်းတော့မည် ဖြစ်ကြောင်း သိရသည်။

**မှုမှုစန်း**

# ပွင့်လင်းရာသီ ရောက်ရှိသောကြောင့် ပုသိမ်ထီးဈေးကွက်ကောင်းလာ



ယခု ပွင့်လင်းရာသီပုသိမ်ထီးဈေးကွက်တွင် တန်ဆောင်တိုင် ကထိန်အလှူရာသီအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မြဝတီနှင့် တိုင်းအတွင်းရှိ မြို့နယ်များတွင် အလှဆောင်းထီး ၁၀ လက်မခွဲ ငွေကျပ် ၁၀၀၀၀၊ ၁၄လက်မထီး ငွေကျပ် ၁၂၀၀၀၊ ၁၅လက်မထီး ငွေကျပ် ၁၅၀၀၀ ဈေးဖြင့် ပြည်တွင်းဈေးကွက်သုံးစွဲရန် အမှာစာဖြင့်လည်းကောင်း လူကိုယ်တိုင်သော်လည်းကောင်း လာရောက်ဝယ်ယူလျက်ရှိပြီး ပုသိမ်ထီးဈေးကွက်မှာ အရောင်းအဝယ်သွက်လျက်ရှိသည်။ပုသိမ်ထီးကိုဟိုတယ် အလှဆင်ရန်နှင့် ကမ်းခြေသုံး ထီး ၂ ပေ၊ ၃ ပေ၊ ၄ ပေ ဆိုဒ် ထီးများကိုလည်း ပြုလုပ်လျက်ရှိပြီး ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရန် လာရောက်ချိတ်ဆက်မှုများရှိကြောင်း ပုသိမ်မြို့၊ ဘန့်ဘူးဟောက်(BAMBOO HO-U SE Traditional Umberlla Work Shop)ထီးလုပ်ငန်းရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း ထင်ပေါ်ကျော်ကြားသော လက်မှုလုပ်ငန်းများတွင် မန္တလေးမြို့မှ ရွှေချည်ထိုး၊ ငွေချည်ထိုး လုပ်ငန်း၊ ပုဂံမြို့မှ ယွန်းထည်လုပ်ငန်းအပြင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ ထုတ်လုပ်လျက်ရှိသော မြန်မာ့ရိုးရာလက်မှုအနုပညာ ပုသိမ်ထီးလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာမှာပင် နာမည်ကျော်ကြား၍ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် လူကြိုက်များလျက်ရှိကြောင်း ထီးလုပ်ငန်းရှင်များထံမှ သိရသည်။

ပုသိမ်ထီးကို အစပထမတွင် ဆီစိမ်စက္ကူဖြင့် ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဖျင်စကို တည်ရေများ သုတ်လိမ်းပြီး ဆီစိမ်ကာ ရေစိုခံအောင် ပြုလုပ်သုံးစွဲခဲ့ပြီး ပြည်တွင်းမှ ထွက်ရှိသော ပိတ်ရောင်စုံ၊ တက်ထရွန်ရောင်စုံဖြင့်ထုတ်လုပ်၍ နိုင်ငံခြားငွေဖြင့် ဝယ်ယူရသော ကုန်ကြမ်းပစ္စည်း များမပါဘဲ ဒေသထွက်ကုန်ကြမ်းများဖြစ်သော မအူသစ်၊ ထီးရိုးဝါး၊ သရက္ကူဝါး၊ မြန်မာပိတ်စများ ဒေသတွင်း ထွက်ရှိသည့် သုတ်ဆေး၊ ဆိုးဆေးများဖြင့် အသုံးပြုကာ ထီးရွက်ပေါ်တွင် ကနုတ်ပန်းချီရေးဆွဲခြင်း၊ ရှုခင်းပုံများ ရေးဆွဲခြင်း၊ ရေးခေတ်ပန်းချီလက်ရာများ ရေးဆွဲခြင်းများ၊ ဆေးဆိုးခြင်းများပြုလုပ်၍ ထီးရွက်ကို အလှဆင်ထားသည့်အတွက် မြန်မာ့လက်မှုအနုပညာကို ဖော်ထုတ်နိုင်သည့် ရိုးရာလုပ်ငန်းတစ်ခုအဖြစ် ထင်ရှားကျော်ကြားလျက်ရှိသည်။

**ရွှေမန်း**

| သင့်သွေးဖြင့် အသက်ကယ်ပါ။ |
|---|




# မန္တလေးတိုင်းဒေသကြီး ကလပ်ပေါင်းစုံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲများ ကျင်းပ၊ ဆုများ ချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၁၁**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ULight Inte-rnatio nalSchoolတို့မှ ကြီးမှူးကျင်းပသည့် ကလပ်ပေါင်းစုံဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲများကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်များက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ဗထူး မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝူရှူး၊ ကရာတေးဒိုနှင့် ဗိုဗီနမ်အားကစားဆပ်ကော်မတီဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ တိုက်ကွမ်ဒိုကလပ်များမှ နည်းပြများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

သက်တမ်းအလိုက်တိုက်ကွမ်ဒိုပြိုင်ပွဲများ ကျင်းပပြီး အနိုင်ရရှိသူများအား မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး၊တိုင်းဒေသကြီးတိုက်ကွမ်ဒိုဆပ်ကော်မတီဝင်များက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

# အာလူးအဝင်နည်းပါးခြင်းကြောင့် မန္တလေးဈေးကွက်အတွင်းဈေးနှုန်းမြင့်တက်နေ



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးဈေးကွက်အတွင်းတွင်နယ်ပယ်ပေါင်းစုံမှ အာလူးများဝင်ရောက်မှုနည်းပါးနေခြင်းကြောင့် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သီရိမာလာကုန်စိမ်းဈေးအတွင်းရှိ အာလူးပွဲရုံများထံက သိရသည်။

တရုတ်နိုင်ငံမှဝင်ရောက်သော အာလူးနှင့် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်သော အာလူးများ မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်မှုနည်းပါးနေခြင်းကြောင့် တစ်ပိဿာလျှင် နိုဝင်ဘာလဆန်းတွင် ငွေကျပ်၇၀၀၀ မှ ယခုအခါ ငွေကျပ်၇၅၀၀ခန့် ဈေးနှုန်း မြင့်တက်လာသည်။

"နယ်တွေရော၊ ပြည်ပကရော အဝင်နည်းပေမယ့် ဝယ်ယူမှုကကောင်းတယ်၊ ဒါကြောင့် ဈေးနှုန်းကောင်းလာတာဖြစ်ပါတယ်၊ တစ်ပတ်အတွင်း ငွေကျပ် ၅၀၀ လောက် ဈေးတက်သွားတယ်၊ အဝင်နည်းနေဦးမယ်ဆိုရင် နည်းနည်းဆက်တက်နိုင်သေးတယ်" ဟု အာလူးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အာလူးကြော်ထုတ်လုပ်သည့်သူများ၊ စားသောက်ဆိုင်များက ဝယ်ယူကြပြီး လက်ရှိတွင် လုပ်ငန်းသုံးသည့်နေရာများ အာလူးလိုအပ်သလောက်မရရှိသဖြင့် အခက်အခဲအချို့နှင့် ရင်ဆိုင်နေရသည်။ အာလူးစိုက်ပျိုးမှုတွင် မျိုးစေ့ရှားပါးမှုများ၊ မြေသြဇာဈေးနှုန်းကြီးမြင့်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်းစိုက်ပျိုးသူများမှာ စိုက်ပျိုးမှုကို လျှော့ချလာကြကြောင်း၊ ဈေးကွက်အတွင်းတွင် တရုတ်အာလူးများမှာ ပြည်တွင်းစိုက်ပျိုးသည့် အာလူးဈေးနှုန်းများထက် ချိုသာနေခြင်းကြောင့် ဈေးကွက် ယှဉ်ပြိုင်ရာတွင်လည်း အခက်အခဲများရှိနေသည်။ အာလူးအား ရှမ်း၊ မွန်၊ကရင်ပြည်နယ်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဧရာဝတီ၊ ပဲခူး၊ မကွေး စသည့် တိုင်းဒေသကြီးများတွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-စ)**

# ကြက်သွန်စိုက်ပျိုးတောင်သူများ ကြက်သွန်ပျိုးစေ့များ စတင်ပျိုးထောင်နေပြီ ဖြစ်

**ညောင်ဦး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးတောင်သူများ ကြက်သွန်နီစိုက်ပျိုးရန် စတင်ပျိုးထောင်နေကြပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကြက်သွန်နီပျိုးထောင်နေသည့် ဦးပိုက်ထံက သိရသည်။

ကြက်သွန်နီပျိုးစေ့ စတင်ပျိုးထောင်ချိန် အလွန်ဂရုစိုက်ပျိုးထောင်ရပြီး ကြက်သွန်ပျိုးတစ်ပြည် ငွေကျပ် ၆၀၀၀၀ ပေးပျိုးထောင်ရကြောင်း၊ ကြက်သွန်စိုက်ပျိုးတောင်သူများ ကြက်သွန်ပျိုးထောင်ချိန်မှ နှုတ်သိမ်းပြီး လှောင်စင်ပေါ်ရောက်မှသာ စိတ်ချရပြီး လှောင်စင်ပေါ်ရောက်ပြီး ဈေးနှုန်းမရသည့်နှစ်များတွင် ကြက်သွန်စိုက်ပျိုးတောင်သူများတွက်ခြေမကိုက်ကြကြောင်း၊ ကြက်သွန်စိုက်ပျိုးရန် ကိုယ်ပိုင်စိုက်ပျိုးမြေမရှိသည့် တောင်သူများ စိုက်ပျိုးမြေငှားရမ်းခ တစ်ဧက ငွေကျပ် ငါးသိန်းပေးငှားရမ်း စိုက်ပျိုးရကြောင်း၊ ကြက်သွန်တစ်သီးစာအတွက်သာဖြစ်ပြီး ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြေသြဇာအဖြစ် နွားချေး၊ ဆိတ်ချေး၊ ကြက်ချေး၊ ငုံးချေး၊ ဖော့စဖိတ်၊ ပုလဲ၊ ရွက်ဖျန်းဆေးများသုံးပြီး စိုက်ပျိုးရကာ ကြက်သွန်စိုက်ခ၊ နှုတ်သိမ်းခ၊ စင်ပေါ် အတင်အချခ၊ ပေါင်းသင်ခ၊ သယ်တိုက်စရိတ်များ၊ ကြက်သွန်ရေဖျန်းစရိတ်(ခတ်ဆီ၊ ဒီဇယ်)ဖိုးများ တစ်ဧကစိုက်ပျိုးစရိတ်တွက် ကြည့်ပါက ကြက်သွန်နီစိုက်ပျိုးခ အရင်းတွင်ပင် ငွေကျပ် ၂၂ သိန်းခန့် ကုန်ကျကြောင်း၊ လှောင်ကြက်သွန်နီများ ပျိုးထောင်ချိန် ပျိုးသက် ၄၅ ရက်သားခန့်တွင် စိုက်မည့်စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြရပြီး စိုက်ခင်းထဲတွင် ရက်ပေါင်း ၉၀ ခန့် သုံးလခန့်ရှိလျှင် နုတ်သိမ်းရောင်းချခြင်း၊ လှောင်ထားခြင်းများဖြင့် ဈေးနှုန်းကောင်းသည့် သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ရောင်းချကြကြောင်း သိရသည်။



**(အပေါ်ဝဲပုံ) (၄၈၁)**

# စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ် စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင် ပြန်/ဆက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စာပေဖတ်သည့် အလေ့အကျင့်များရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး၊ စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက တိုးတက်သော လူ့တိုင်းသည် စာပေဖတ်ရှုသူများ ဖြစ်ကြောင်း၊ ဘက်စုံထူးချွန်စေရေး အားလပ်ချိန်များတွင် စာအုပ်စာပေများဖတ်ရှုသွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခဲ့ရာ အမှတ်(၁) အခြေခံပညာကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်/ ဆက်ဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်များအား စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(၄၈၅)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အယ်လိစ်စတေဖန်နစ်ခ်နှင့် တွမ်ဟိုမန်းတို့နှစ်ဦးကို ဒေါ်နယ်လ်ထရမ့်က ရာထူးခန့်အပ်ရန် လျာထား




**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အသက် ၄၀ အရွယ် အယ်လိစ်စတေဖန်နစ်ခ်နှင့် တွမ်ဟိုမန်းတို့နှစ်ဦးကို ဒေါ်နယ်လ်ထရမ့်က ရာထူးခန့်အပ်ရန်လျာထားလိုက်သည်ဟု နိုဝင်ဘာ ၁၀ ရက်က ထရုသ်ဆိုရှယ်လူမှုကွန်ရက်တွင် ရေးသားလွှင့်တင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နယူးယောက်မြို့ကွန်ဂရက်အမတ် အယ်လိစ်စတေဖန်နစ်ခ်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ခန့်အပ်မည်ဖြစ်ပြီး ရဲအရာရှိဟောင်း တွမ်ဟိုမန်းကို နယ်စပ်ရေးရာနှင့် တရားမဝင်ရွှေ့ပြောင်းရောက်ရှိလာသူများ ဌာနေနိုင်ငံသို့ ပြန်ပို့ရေးဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ပေးမည်ဟု ဆိုသည်။

၂၀၁၄ ခုနှစ်က အသက် ၃၀ အရွယ်တွင် အမေရိကန်ပြည်ထောင်စု၏ အသက်အငယ်ဆုံး ကွန်ဂရက်အမတ်အဖြစ် အရွေးခံခဲ့ရသော စတေဖန်နစ်ခ်က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် လျာထားခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

တွမ်ဟိုမန်းသည် ဒေါ်နယ်ထရမ့် သမ္မတအာဏာရခဲ့စဉ်က လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်စည်းကြပ်ရေးညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ Mon

## ပါလီမန်အမတ်များ၏ မဲခွဲဆုံးဖြတ်မှုအရ ရှိဂေးရုအိရှိဘ ဆက်လက်အာဏာတည်မြဲ



**တိုကျို နိုဝင်ဘာ ၁၁**

နိုဝင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော ပါလီမန်အမတ်များ၏ မဲခွဲဆုံးဖြတ်မှုရလဒ်အရ ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ ဆက်လက်အာဏာတည်မြဲခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်ဥပဒေပြုပါလီမန်အမတ်အများစုက ၄င်းဦးဆောင်သော လူနည်းစုအစိုးရကို ယုံကြည်သည်ဟု ထောက်ခံမဲပေးခဲ့သဖြင့် ယင်းကဲ့သို့ ဆက်လက်အာဏာတည်မြဲခဲ့ခြင်း ဖြစ်သည်။

အသက် ၆၇ နှစ်အရွယ် ရှိဂေးရုအိရှိဘကိုယ်စားပြုသော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ အမတ်များသည် အောက်တိုဘာ ၂၇ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် ယခင်ကနှင့်မတူဘဲ ရှုံးနိမ့်ခဲ့ကြသည်။

ထိုသို့ ရှုံးနိမ့်ခဲ့သော်လည်း ဂျပန်အောက်လွှတ်တော်ရှိ ညွန့်ပေါင်းအင်အားစုက ရှိဂေးရုအိရှိဘကို ထောက်ခံခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## ခြောက်လခန့်သာ အာဏာရခဲ့ပြီးနောက် ဟေတီဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံရ



**ပေါ်တူပရင့်စ် နိုဝင်ဘာ ၁၁**

ဟေတီဝန်ကြီးချုပ် ဂယ်ရီကွန်နီးလ်သည် ခြောက်လခန့်သာ အာဏာရခဲ့ပြီးနောက် နိုဝင်ဘာ ၁၀ ရက်က ရာထူးမှ ဖယ်ရှားခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဧပြီလက ဖွဲ့စည်းခဲ့သော ဟေတီအသွင်ကူးပြောင်းရေး သမ္မတကောင်စီမှ အဖွဲ့ဝင် ၉ ဦးအနက် ၈ ဦးက ကန့်ကွက်မဲပေးပြီး ၄င်းကို ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်လိုက်ခြင်း ဖြစ်သည်။

၄င်း၏နေရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အလက်စ်ဖီဒီယာဖီးလ်စ်အိုင်မီကို အစားထိုးခန့်အပ်လိုက်ကြောင်း ဟေတီအသွင်ကူးပြောင်းရေးသမ္မတကောင်စီက အတည်ပြုကြေညာသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လက သမ္မတလုပ်ကြံသတ်ဖြတ်ခံရပြီးနောက် သမ္မတရွေးကောက်ပွဲ မကျင်းပနိုင်သေးမီ အဆိုပါကောင်စီကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

Mon

## ကျူးဘားနိုင်ငံ အရှေ့ပိုင်းဒေသတွင် အင်အားပြင်းမြေငလျင်လှုပ်ရှား

**ဟာဗားနား နိုဝင်ဘာ ၁၁**

ကျူးဘားနိုင်ငံ အရှေ့ပိုင်းဒေသတွင် နိုဝင်ဘာ ၁၀ ရက်က အင်အားပြင်းမြေငလျင်လှုပ်ရှားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘာတိုလိုမီမာဆိုမြို့၏တောင်ဘက် ၂၅ မိုင်ခန့်အကွာ၌ ဗဟိုပြုလှုပ်ရှားခဲ့သော အဆိုပါမြေငလျင်၏ပြင်းအားမှာ ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိကြောင်း အမေရိကန်ဘူမိစစ်တမ်းအဖွဲ့က အတည်ပြုသည်။

ကျူးဘားနိုင်ငံ၌ မုန်တိုင်းဘေးအပြီးတွင် ငလျင်ဘေးကျရောက်လာသော်လည်း အသေအပျောက်နှင့် ဒဏ်ရာရသူပမာဏ သတင်းမထုတ်ပြန်သေးကြောင်း သိရသည်။

Mon



တရုတ်နိုင်ငံတောင်ပိုင်း ဇူဟိုင်းမြို့၌ လက်ခံကျင်းပမည့် လေကြောင်းနည်းပညာထုတ်ကုန်ပြပွဲတွင် ပြသရန်ပြင်ဆင်ထားသော ကိုယ်ပျောက်လေယာဉ်သစ်နှင့် ဒရုန်းများကိုတွေ့ရစဉ်။

Mon

## ဖက်ထုပ်ပေါင်းသွားစားကြသော လူငယ်များကြောင့် တရုတ်နိုင်ငံအလယ်ပိုင်း၌ လမ်းပိတ်ဆို့မှု ဖြစ်ပွား

**ပေကျင်း နိုဝင်ဘာ ၁၁**

တရုတ်နိုင်ငံအလယ်ပိုင်းရှိ ကျင်းဟောင်မြို့မှ လူငယ်များသည် ညပိုင်းတွင် ကိုင်ဖင်းမြို့သို့ အုပ်စုလိုက် စက်ဘီးစီးပြီး ဖက်ထုပ်ပေါင်းသွားစားနေကြသည်။

မိုင် ၃၀ ခန့်ကွာသောခရီးတစ်လျှောက် ၆ လမ်းသွားကားလမ်းပေါ်တွင် ၄င်းတို့၏စက်ဘီးများ အပြည့်ဖြစ်ကာ လမ်းပိတ်ဆို့မှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ဝင်များက လမ်းရှင်းပေးနေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်အပတ်နှောင်းပိုင်းက ကောလိပ်ကျောင်းသား၊ ကျောင်းသူများကို လျှော့ဈေးဖြင့် ဖက်ထုပ်ပေါင်းရောင်းချပေးသည်ဆိုသဖြင့် လမ်းတစ်လျှောက် စက်ဘီးအစင်းရေထောင်နှင့်ချီပြီး စုပြုံနေခဲ့ကြောင်း သိရသည်။

Mon



## နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် ဆန္ဒပြသူများ တားမြစ်ချက်ဖောက်ဖျက်သဖြင့် ဖမ်းဆီးခြင်းခံရ



**အမ်စတာဒမ် နိုဝင်ဘာ ၁၁**

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ဒမ်ရင်ပြင်တွင် နိုဝင်ဘာ ၁၀ ရက်က ပါလက်စတိုင်းအား ပေးထောက်ခံသူများစုဝေးကာ ဂါဇာစစ်ပွဲရပ်တန့်ရန် တောင်းဆိုဆန္ဒပြခဲ့ရာ ထိုဆန္ဒပြသူများသည် တားမြစ်ချက်ဖောက်ဖျက်သဖြင့် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်အပတ်က အမ်စတာဒမ်မြို့၌ လက်ခံကျင်းပသော ဥရောပဖလားဘောလုံးပြိုင်ပွဲ အစ္စရေးအခြေစိုက် မက်ကာဘီတယ်လဗီနှင့် အေဂျက်စ်အမ်စတာဒမ်ဘောလုံးအသင်းနှစ်သင်း ယှဉ်ပြိုင်ကစားသောပွဲစဉ်ကို လာရောက်ကြည့်ရှုအားပေးသော အစ္စရေးဘောလုံးပရိသတ် ရန်ပြုရိုက်နှက်ခံခဲ့ရပြီးနောက် အမ်စတာဒမ်မြို့တော်၌ ပါလက်စတိုင်းထောက်ခံရေးနှင့် အစ္စရေးဆန့်ကျင်ရေးဆန္ဒပြမှုများ မပြုလုပ်ရန် သက်ဆိုင်ရာက တားမြစ်ခဲ့သည်။

ထိုတားမြစ်ချက်ကို ပါလက်စတိုင်းထောက်ခံအားပေးသူများက ဖောက်ဖျက်သဖြင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

အလားတူ ရန်ပြုတိုက်ခိုက်မှုများမှ ရှောင်ရှားနိုင်ရန် အစ္စရေးအစိုးရက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ ကျင်းပမည့် ပြင်သစ်-အစ္စရေးဘောလုံးပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးခြင်းမပြုရန် အစ္စရေးနိုင်ငံသားများကို ပန်ကြားထားကြောင်း သိရသည်။

Mon

0-0-0-0-0

**STOP AIDS**

# (၁၈)ကြိမ်မြောက် ဦးပွားဘုရား အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ရှေးဟောင်းဦးပွားဆုတောင်းမြတ်စွာဘုရားကြီး၏ (၁၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ဓမ္မသာလဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီးနောက် ဦးပွားဘုရားသမ္မုတိ၊ ပတ္တမြားရတနာကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာစာမှ ရောင်ခြည်တော်ခြောက်ပါး ဘုရားပင့်ဂါထာဖြင့် ပူဇော်၍ ဒဏ္ဍိဏာရာမဘုရာကြီးတိုက်၊ မဟာမုနိဘုရားကြီး၏ ဒုတိယရေတော်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိဿရ(မဟာဂန္ထဝါစကပဏ္ဍိတ)မှ ငါးပါးသီလနှင့် ပဋ္ဌာန်းဩဝါဒကထာများကို ချီးမြှင့်ပေးတော်မူသည်။

ဆက်လက်၍ လှရတနာ ရွှေထူးကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမမှ ဒေဝနိမန္တရဂါထာဖြင့် နတ်၊ ဗြဟ္မာတို့အား ဖိတ်ကြားတော်မူပြီး ဒေါနခြံအုဋ္ဌကျောင်းမှ ဘဒ္ဒန္တအရှင်ဣန္ဒာစာရမှ ပဋ္ဌာနဥယျောဇနဂါထာဖြင့် ပူဇော်ကာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်အပေါင်းတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်များကို သုံးခေါက်ရွတ်ဆို ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဦးပွားဘုရားအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ဆရာတော်၊ သံဃာတော်တို့အား အရုဏ်ဆွမ်း အလှူရှင် ဦးကျော်ဝင်း+ဒေါ်ရှမ်းအေး(ဖျာပုံ မုန့်ဟင်းခါး)မိသားစုက ဆွမ်းဆက်ကပ်၍ နေ့ဆွမ်းအလှူရှင် ဖခင်ကြီးများဖြစ်သော ဦးတင်ငွေ၊ ဦးခင်မောင်သောင်း၊ မိခင် ဒေါ်လှမယ်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်တင်ကွန့်ကို အမှူးထားကာ ဦးပွားဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး+ဒေါ်စန္ဒာမွေး၊ (သမီး) မမဥ္ဇူဦး၊ မဖြိုးသီရိဦး၊ (သား) မောင်ဇေသီဟာဦး၊(သမီး)မဆောင်းနှင်းဖြူ မိသားစုတို့က ဆွမ်းဆက်ကပ်၍ ဆရာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းရာ လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၆)

# သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်စာအုပ် ထုတ်ဝေဖြန့်ချိ

**မန္တလေး နိုဝင်ဘာ ၁၁**




ဆရာနေမင်းသန်း(မဲခေါင်စာပေဆုရ)၏ သီကုံးပန်ဆင်ကဗျာဗုဒ္ဓဝင်ကဗျာလုံးချင်းစာအုပ် ချင်းတွင်းဂုဏ်ရည်စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ အမျိုးသားစာပေဆုရ အောင်စိုး(တီရစ္ဆာန်ဆေးကုဆရာဝန်)၏ မိတ်ဆက်အမှာစာနှင့်အတူ ပါမောက္ခ ဒေါက်တာဇော်(ဇော်ထွန်း)၏ အင်္ဂလိပ်ဘာသာပြန်တို့ဖြင့် ထွက်ရှိသော စာအုပ် ဖြစ်သည်။

စာရေးသူ အသက်(၈၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပြီး (က) ဂေါတမဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဝင်အကျဉ်း၊ (ခ)သိမှတ်ဖွယ်ရာ ဗုဒ္ဓဘာသာတို့ဖြင့် အပိုင်း(၂)ပိုင်းခွဲကာ ခေါင်းစဉ်ကြီး ၃၆ ခုကို လေးချိုးကဗျာပုဒ်ရေ ၂၀၀ ရေးဖွဲ့ပူဇော်ထားသည်။ ကလေး၊ လူငယ်၊ ကျောင်းသားအရွယ်မှအစ အသက်ကြီးအရွယ်အထိ ဗုဒ္ဓဖြစ်တော်စဉ်သမိုင်းကို ကဗျာဖြင့် တင်ပြထားသည့်အတွက် နှုတ်တက်အာဂုံဆောင်ကာ လေ့လာနိုင်မည့်စာအုပ်ဖြစ်ပြီး ဓမ္မဒါနအဖြစ် ကုသိုလ်ယူထုတ်ဝေသော စာအုပ်ဖြစ်ကြောင်း သိရသည်

(အပေါ်ပုံ) (PNT)




# သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်စာအုပ် မိတ်ဆက်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

စာရေးဆရာ နေမင်းသန်း (မဲခေါင်စာပေဆုရ) ရေးဖွဲ့ပူဇော်သည့် သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်စာအုပ်မိတ်ဆက် ဓမ္မဒါနလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့၊ နန်းရှေ့စာပေတင်းကုပ်တွင် ကျင်းပသည်။

အဆိုပါ သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်စာအုပ်ကို ပါမောက္ခ ဒေါက်တာ ဇော်ထွန်းက အင်္ဂလိပ်ဘာသာပြန်ဆိုထားပြီး မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးဖွဲ့ပူဇော်ထားသည်။ (ယာပုံ)

ရှေးဦးစွာ စာပေတင်းကုပ်မှ ဆရာအောင်တင်ဝင်း(ငါ့သရောက်)နှင့် ဆရာမြင့်သိန်း(ပညာရေး)တို့က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ရဟန်းစာဆို ဆရာတော် တက္ကသိုလ်တေဇာလင်း၊ ရဟန်းစာဆိုဆရာတော် ကောင်းတေးသီ တို့ကစာအုပ်နှင့်ပတ်သက်၍ မိန့်ကြားတော်မူသည်။

ထို့နောက် စာရေးဆရာ နေမင်းသန်း(မဲခေါင်စာပေဆုရ)က မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ပူဇော်ထုတ်ဝေရသည့် ရည်ရွယ်ချက်ကို ပြောကြားရာတွင် မြန်မာစာပေသမိုင်းတွင် ဂေါတမဖြစ်တော်စဉ် (ဗုဒ္ဓဝင်စာပေ)ကို ကဗျာလင်္ကာဖြင့် ပူဇော်ရေးဖွဲ့ထားခြင်းမရှိသည့်အတွက် ရေးဖွဲ့ရခြင်းဖြစ်ကြောင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးပါသော ပါမောက္ခ ဆရာဇော်ထွန်းနှင့် တက်ရောက်လာသူ စာရေးဆရာ ဆရာမများအား ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး တက်ရောက်လာသူများအား သီကုံးပန်ဆင် ကဗျာ ဗုဒ္ဓဝင်စာအုပ်ကို လက်မှတ်ထိုး၍ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝ၅၀)


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး


# သီရိပစ္စယာ

* ထန်းတောမြေ မယစ်မှုးနှင့်
မြစ်နဖူး ပုဂံ ၊
မပစ်ဘူး ဓမ္မရုံကို
သရဏံ ဂုဏ်ပွား ॥
သဗ္ဗေညု ဥမင်မြောင်ရယ်
တုရင်တောင် စေတီတော်များ ॥

* လှည်းဝင်ရိုး လွမ်းအောင်ဖန်သည်
ကမ်းသောင်ယံ ကူးသွား ॥
နန်းဆောင်ကန် ထူးခြားပါဘိ
ဖူးဘုရား ဆိကြို ॥
အာနန္ဒာ စူဠာမဏိနှင့်
မနူဟာရှိ တန့်ကြည်တောင်ညို ॥

* အလိုတော်ပြည့် ထီးလိုမင်းလိုလျှင်
ရွှေစည်းခုံကို မှန်းမျှော်ကြောင်းနှင့်
နန်းတော်ဟောင်း ပီတိဖြစ်စရာ
သီရိပစ္စယာ ॥

* ဝတီအမိ လှအဏ္ဏဝါနယ်
မြန်နွှာ ဆိပ်ကမ်းသို့လေး ॥
အမည်ရှိ မြင်းကပါကို
မငြင်းသာ သွားကြစို့လေး ॥ ॥

ဇော်ဝင်း(မဇ္ဈိမ)



# ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးဟောပြော၊ ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်

**နမ့်စန် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲနှင့် ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက လွိုင်ယဲကျေးရွာအုပ်စု၊ တိုင်းကောင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ (လွယ်ယင်း)တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အ.ထ.က(ခွဲ) (လွယ်ယင်း)ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြိုင်က အသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်က လူကုန်ကူးအန္တရာယ်အကြောင်းနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်မိုးမိုးဝေက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေနည်းဥပဒေများကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးအတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် သုတ၊ရသစာအုပ်များ အခမဲ့ငှားရမ်း၍ အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## သတင်းပဒေသာ

### (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် လှူဒါန်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့် စေတနာရှင်ပြည်သူများ၏(၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ရေးဦးစွာ နမောတဿဘုရားရှိခိုးဖြင့် အခမ်းအနားကိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် လုံဟောရွာဦးကျောင်း ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဗ္ဘဝါစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် (၆၅)ကြိမ်မြောက် ဗထူးတပ်နယ်၊ ရပ်စောက်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်နေပြည်သူအလှူရှင်များပါဝင်သည့် စုပေါင်းမဟာဘုံကထိန်ပွဲအလှူတရားတော်နာရေစက်ချ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့ကုန်းရပ်ကွက်၊ စူဠာမုနိကုသိုလ်တော်ဘုရားကြီးမွှာရုံ၌ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်စကားဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်များဗဟုသုတဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေး ဟောပြော

ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အ·လ·က ကျောက်ဖူးနှင့် အ·လ·က ဆိတ်တဲကျောင်းသို့ စာဖတ်ရှိန်မြှင့်တင်ရေး၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲ လုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ဗဟုသုတနှင့် ပြည့်စုံသော လူတော်၊ လူကောင်းများ ပေါ်ထွန်းလာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားကြရန်၊ ကျန်းမာကြံ့ခိုင်စေရန် ကာယလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ကြရန် ဟောပြောခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်း

ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်စာရေးဆရာအသင်းမှ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)အမှုဆောင်နှင့် မြို့နယ်စာရေးဆရာအသင်း (နာယက)ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး လစဉ်ပုံမှန်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စာပေရေးသားခြင်းနှင့် ပက်သက်၍ဆွေးနွေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်မှ ကထိန်သင်္ကန်းနှင့် အလှူငွေ လှူဒါန်း




**မန္တလေး နိုဝင်ဘာ ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ထိုင်းနိုင်ငံဓမ္မကာယကျောင်းတိုက်မှ ကထိန်သင်္ကန်းနှင့် အလှူငွေလှူဒါန်းပွဲကို နိုဝင်ဘာ၇ ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ကထိန်သင်္ကန်းနှင့် အလှူငွေလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ထိုင်းနိုင်ငံဓမ္မကာယ ကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီး လုံဖေဓမ္မဇေယျိုနှင့် တပည့်အလှူရှင်များက ကထိန်သင်္ကန်းနှင့် ထိုင်းဘတ်ငွေ (50000-B)ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် ဥပဋ္ဌာကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**




## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းကျင်းပသည်။

ရေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့၊ ၁၉ လမ်းနှင့် ၈၆လမ်းထောင့်နေ အလှူရှင် ဦးချိုကြီး+ဒေါ်ခင်ဝင်း၊ သား၊ သမီး၊ မြေးတစ်စုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၅၅သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ်ငါးသိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၇၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုလွှာမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိက ဆရာတော်များ သင်တန်းသား၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ပစ္စည်းများကို တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ကဆ)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ကန်တော်ကြီး-ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာဆေးရုံကြီးသို့ မန္တလေးမြို့၊ ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဖခင်ကြီး ဦးသန်းမောင်(၂၆)နှစ်ပြည့်နှင့် မိခင်ကြီးဒေါ်မြင့်မြင့်(၁၅)နှစ်ပြည့်၊ (ခင်ပွန်း)ဦးသိန်းထွန်း(ဝါးခယ်မ)(၂)နှစ်ပြည့်တို့အား ရည်စူး၍ ဒေါ်ခင်ဝင်းညွန့်နှင့် သား၊ သမီး၊ မြေးမိသားစုတို့က ဆွမ်းအလှူငွေကျပ်လေးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ကဆ)



## ဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းချုပ်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခဦးဆောင်သည့် (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်သို့ ရပ်ဝေး၊ ရပ်နီးမှ လှူဒါန်းကုသိုလ်ပြုလျက်ရှိကြရာ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်နေ ဒေါ်တင်တင်(စိမ်းလဲ့စန္ဒာ)မိသားစုက ပဒေသာပင် ၅ ပင်ကို ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)ဥက္ကဋ္ဌကိုယ်စား မွန်ပြည်နယ် အသင်းထောက်အမှတ်(၃၂၂) ဥက္ကဋ္ဌ ဦးမြင့်စန်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်သန်းနု၊ (သမီး)မသီသီအောင်မိသားစုက ပဒေသာပင်တစ်ပင်နှင့် ရှင်တစ်ပါးစာ ငွေကျပ်နှစ်သိန်း၊ စင်ကာပူနေ ဦးပါ+ဒေါ်မြကြည်တို့အား ရည်စူး၍ (သမီး)မနေနှယ်လင်းက ပဒေသာပင် တစ်ပင်၊ မန္တလေး၊ နန်းတော်ရှေ့နေ ဦးကြီးတိုးအား ရည်စူး၍ ဒေါ်သန်းသန်းမြင့်မိသားတစ်စုက ပဒေသာပင် တစ်ပင်၊ ပခုက္ကူမြို့နေ ဒေါ်မမကြီးအား ရည်စူး၍ ဦးအောင်ဆန်း မိသားစုက ပဒေသာပင် နှစ်ပင်၊ မန္တလေးနေ ဦးနော်မဲလ်+ ဒေါ်မမကြီး၊ (သမီး)သဲသဲ မိသားစုက ကထိန်ပဒေသာပင်နှစ်ပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်နေ ဒေါက်တာသိန်းကြွယ်၊ ဒေါက်တာခင်စောရွှဲ မိသားစုက ပဒေသာပင်နှစ်ပင် အသီးသီး စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ကဆ)**

**အသက်သည် သွေး၊ သွေးသည် အသက် ။**

# ပညာဘဏ်တိုက်ဖွင့်လှစ်ရန် လူတိုင်းပါဝင်သင့်ပေ

ရေကန်တစ်ကန်ရဲ့ အတိမ်အနက်ကိုသိချင်ရင် အဲ့ဒီကန်ထဲမှာပေါက်နေတဲ့ ကြာရိုး၊ ကြာစွယ်ကို ကြည့်ရင်သိနိုင်သလို နိုင်ငံတစ်နိုင်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုကိုသိချင်ရင် အဲ့ဒီနိုင်ငံရဲ့ ပညာရေးတိုးတက်မှုအခြေအနေကို ကြည့်ရင်သိနိုင်ပါတယ်။ ပညာတတ်နိုင်ငံသား အများဆုံးရှိတဲ့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးအဖြစ် ရပ်တည်နေတာကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အင်အားဟာ ပညာအပေါ် အခြေခံနေတာမို့ ဗလငါးတန်နှင့်ပြည့်ဝပြီး အသိဉာဏ်ပညာနှင့်ပြည့်စုံသည့် ကျောင်းသူ၊ ကျောင်းသား၊ ပြည်သူ၊ ပြည်သားများဖြစ်ဖို့ လူတိုင်းစာဖတ်ရန် လိုလားပါတယ်။ စာတတ်ရုံသာမက စာဖတ်ပြီး စာပေကရတဲ့ အသိပညာတွေကို အသုံးချတတ်ဖို့ လိုပါတယ်။ အဲ့ဒီလို လိုအပ်တဲ့ အသိပညာ၊ ဗဟုသုတတွေရနိုင်တဲ့ ဌာနဟာ စာကြည့်တိုက်ပဲဖြစ်ပါတယ်။ စာကြည့်တိုက်ဟာ ပညာဖြန့်ဝေပေးရာ ပညာဘဏ်တိုက်ကြီးတစ်ခု ဖြစ်ပါတယ်။ စာဖတ်စေရန် စာဖတ်အားတက်လာစေရန်၊ ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ဖတ်သည့် စာပါအတိုင်း မှတ်သားလိုက်နာဆောင်ရွက်မှ စာကြည့်တိုက်အသုံးချရကျိုးနပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်တွေက "စာမတတ်သူဟာ ထိုင်နေသူနဲ့တူပြီး စာတတ်ပြီးစာမဖတ်သူဟာ ရပ်နေတဲ့သူနှင့်တူတယ်၊ စာတတ်ပြီး စာဖတ်သူဟာ လမ်းလျှောက်နေသူနဲ့တူတယ်"လို့ ဆိုပါတယ်။ ဒါကြောင့် လူတိုင်းစာဖတ်အောင် အားပေးကြရမှာဖြစ်ပြီး စာပေလေ့လာဖတ်ရှုနိုင်မဲ့ ပတ်ဝန်းကျင်ကောင်းတွေကို ဖန်တီးပေးကြရမှာ ဖြစ်ပါတယ်။

လူသားအားလုံးအတွက် စာပေစွမ်းအား၊ ပညာများနဲ့ လူသားကောင်းကျိုး၊ လူ့ဘောင်ဖွံ့ဖြိုးတိုးတက်အောင် စာပန်းဆင်စေလိုတဲ့ စေတနာနဲ့ ပညာဘဏ်တိုက်ဖွင့်လှစ်ရန် Seed Idea ကို (၈-၅-၂၀၂၄)ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာက ကျွန်မကိုပေးပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းနိုင်ကြောင်း ပညာဒါနအတွက် လှူဒါန်းလိုပါက စာကြည့်တိုက်အဆောက်အအုံတစ်ခုလျှင် ငွေကျပ် သိန်း ၁၅၀ နှင့် ဆောက်လုပ်လှူဒါန်းနိုင်ပါကြောင်း ဆောက်မည့်စာကြည့်တိုက် ဓာတ်ပုံနှင့်တကွ ဖော်ပြထားတာကို ဖတ်ရှုရပါတယ်။ ပြည်နယ်၊ တိုင်း၊ မြို့နယ်များရှိ (ပြန်/ဆက်) ဦးစီးဌာနနှင့် ဆက်သွယ်နိုင်ကြောင်း ဖော်ပြပါရှိလို့ ခရိုင်ပြန်/ဆက်မှူး ဒေါ်မြင့်မြင့်သန်းနှင့် ဆက်သွယ်နိုင်ပါတယ်။ ဒေါ်မြင့်မြင့်သန်းက တိုင်းဦးစီးမှူး ဒေါ်ဝေဝေဖြိုးကိုတင်ပြတဲ့အခါ နှစ်ဦးစလုံးက လှူဒါန်းမှု အောင်မြင်စေရန် အစစအရာရာလိုအပ်တာကို ဆောင်ရွက်ပေးမယ့်အကြောင်း ဝမ်းသာအားရပြောကြားလို့ လှူဖို့စိတ်ဆုံးဖြတ်လိုက်ပါတယ်။

လှူမယ်ဆိုပေမယ့် ကျွန်မမှာ သိန်းရာထောင်ချီပြီး အစုလိုက် အပုံလိုက် မရှိပါ။ ဒါပေမဲ့ ကျွန်မစုထားတဲ့ သေတ္တာလေးကိုဖွင့်ပြီး ရေတွက်ကြည့်တဲ့အခါ ငွေကျပ် သိန်း ၁၅၀ ကျော်နေလို့ လှူဒါန်းဖို့ ဆုံးဖြတ်လိုက်တာပါ။ ငွေကျပ်သိန်း ၁၅၀ ကို နည်းလမ်းနှစ်သွယ်နှင့် ကျွန်မရပါတယ်။ ပထမနည်းလမ်းက အမိုက်ထဲက ဒါနထုပ်လေးပါ။ အရင်က ပုလင်းခွံ၊ အိတ်ခွံ၊ ပလတ်စတစ်စတာတွေကို လွှင့်ပစ်ခဲ့ပါတယ်။ ကျွန်မသမီးက စာကျက်ဝိုင်းလေးထောင်ထားတော့ ကလေးတွေစွန့်ပစ်တဲ့အမှိုက်တွေ များလာတဲ့အခါ ကလေးတွေကို အမှိုက်ခွဲခြားစွန့်ပစ်နည်းသင်ပေးရင်း အမှိုက်များကို ခွဲခြားပြီး ရောင်းခဲ့ပါတယ်။ ရေသန့်ဘူးခွံ၊ ပလတ်စတစ်တွေကို ဆေးကြောသန့်စင်ပြီး ရောင်းတဲ့အခါ ဈေးပိုရပါတယ်။ ရောင်းရငွေကို ဘောက်ချာနဲ့ပတ်ပြီး သိမ်းထားတာ ကိုးနှစ်လောက်ကြာတော့ ငွေကျပ် ၂၃ သိန်း လောက်ရပါတယ်။ တစ်သိန်းကို စာရေးဆရာ အောင်တင်ဝင်း(ငါ့သရောက်)ရဲ့ ငါ့သရောက်မှာ ဆောက်တဲ့ "ဓမ္မရသ မိုးကုတ်ဓမ္မာရုံကြီး" ဆောက်တဲ့နေရာမှာ ငွေကျပ် တစ်သိန်း၊ ပုလဲဆရာတော်ရဲ့ လူငါးထောင်၊ ငွေကျပ်သိန်း ၅၀၀၀ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရာမှာ ငွေကျပ် တစ်သိန်း၊ အောင်တော်မူဘုရား ဆွမ်းဆန်စိမ်းလောင်းလှူရာမှာ ငွေကျပ် တစ်သိန်း လှူပြီး ငွေကျပ်သိန်း ၂၀ ကျန်ပါတယ်။ ကျန်အထုပ် တစ်ထုပ်ကတော့ တပည့်များ ကန်တော့တဲ့ငွေတွေ စုထားတဲ့အထုပ်ပါ။ ကျွန်မဟာပညာရေးဌာနမှာ အနှစ်လေးဆယ်ကြာ အမှုထမ်းခဲ့ရာ ကျောင်းရှစ်ကျောင်း ပြောင်းရွှေ့တာဝန်ထမ်းခဲ့ပါတယ်။ အငြိမ်းစားယူပြီး ၂၃ နှစ်တာကာလမှာ ကျောင်းရှစ်ကျောင်းက တပည့်တွေ ကန်တော့တဲ့ငွေတွေကို မသုံးဘဲ ကန်တော့တဲ့ တပည့်ရဲ့အမည်၊ ကျောင်းနဲ့ ရက်စွဲကို ရေးမှတ်ပြီး သိမ်းထားတာပါ။ စာအိတ်တွေထဲက ငွေတွေထုတ်ပြီး ရေတွက်ကြည့်တော့ ငွေကျပ် သိန်း ၁၆၀ လောက်ရပါတယ်။ အမရပူရ နေရှင်နယ် ကျောင်းဆိုရင် ကျောင်းစတည်ကတည်းက ၁၉၈၄ ခုနှစ်ထိ ကျောင်းသားဟောင်းကြီးများက တစ်ဖွဲ့၊ ၁၉၈၄ မှ ယနေ့ထိ လူငယ်ကျောင်းသားဟောင်းများက တစ်ဖွဲ့ သဂ္ဂဟာစ်နဲ့ ပိုင်းပြီး ကန်တော့ပါတယ်။ ကျွန်မက ၁၉၈၄ မှ ၁၉၈၇ အထိ တာဝန်ထမ်းခဲ့လို့ နှစ်ဖွဲ့လုံးရဲ့ ကန်တော့ခံရတာမို့ ကန်တော့ငွေများပါတယ်။ မန္တလေး ဆရာအတတ်သင်ဘဝမှ ပညာရေးကောလိပ်ဖြစ်သည်အထိ နှစ် နှစ်ဆယ်ကြာ ရာထူးသုံးမျိုးနဲ့ အမှုထမ်းခဲ့တော့ သင်တန်းအမှတ်စဉ်အလိုက်၊ နှစ်အလိုက်၊ တစ်ဦးချင်း အလိုက်၊ အုပ်စုအလိုက် ကန်တော့ကြပါတယ်။ အလုပ်ခွင်က လာတက်တဲ့ သင်တန်းသား၊ သင်တန်းသူတွေဟာ နှစ်အိမ်ထောင်ခွဲပြီး ငွေသုံးရသလိုဖြစ်တော့ အဆောင်ကြေးသွင်းဖို့ အခက်အခဲရှိသူတွေ၊ နယ်အသီးသီးက လာကြလို့ ငွေရေးကြေးရေး အခက်အခဲရှိသူတွေကို ကူညီခဲ့တာတွေ၊ အထက(၁) SAT ဘဝမှာ ကျောင်းလခမသွင်းနိုင်လို့ စိုက်သွင်းပေးခဲ့တဲ့ ကလေးတွေဟာ အခုအချိန်မှာ အောင်မြင်နေကြလို့ ကန်တော့ကြတာတွေ၊ ၂၀၁၉ ခုနှစ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ ရွေးချယ်ဂုဏ်ပြုရေး အစီအစဉ်အရ ဂုဏ်ထူးဆောင်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းခံရလို့ ပညာရေးဝန်ကြီးဌာနက ချီးမြှင့်ကန်တော့တဲ့ ငွေတွေ၊ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးရဲ့ ကန်တော့ခံ ပညာရှင်အဖြစ် စာရင်းဝင်မှတ် တမ်းတင်ခြင်းခံရလို့ရတဲ့ ကန်တော့ငွေတွေပါ ပါတယ်။

လူတိုင်းအခြေခံပညာ မကောင်းပါက မိမိဘဝ၊ မိသားစု၊ ပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ စာပေအသိပညာ မရှိပါက တစ်သက်လုံး အခက်အခဲ အကြပ်အတည်းများနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ တစ်ဦးချင်း အသိပညာကြွယ်ဝစေရန် လူတိုင်းအသက်အရွယ်၊ ကျား၊ မ မရွေး စာဖတ်ပြီး မှတ်သားလိုက်နာဖို့ လိုပါတယ်။ ဒါကြောင့် အသိပညာဗဟုသုတကြွယ်ဝစေရန် စာအုပ်စာပေတွေရှိတဲ့ စာကြည့်တိုက်(ဝါ)ပညာ့ဘဏ်မှာ ပညာရှာမှီးဖို့ လိုပါတယ်။ ငယ်ရွယ်စဉ်ကပင် စာကြည့်တိုက်ကို ချစ်စိတ်၊ စာဖတ်ချင်စိတ်ဖြစ်အောင် ကျောင်းတွေမှာ ကျောင်းနေစ အရွယ်ကပင် လေ့ကျင့်ပေးသင့်ပါတယ်။

ကျွန်မ "မင်းမြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်း" ကို ရောက်တဲ့အခါ မူလတန်းကလေးများအတွက် စာကြည့်တိုက်ရှိပြီး တစ်နေ့တစ်ချိန် စာကြည့်တိုက်ကို သွားကြရပါတယ်။ စာမဖတ်တတ်သေးတဲ့ ကလေးများဟာ ရုပ်ပြကာတွန်းများ ကြည့်ရှုနေတာ၊ ဆရာမတွေက ဖတ်ပြနေတာ၊ မူလတန်း၊ အထက်ဆင့်ကလေးများက စာဖတ်တတ်တဲ့အရွယ်မို့ စာအုပ်တွေ ဖတ်နေတာတွေ့ရပါတယ်။ ကလေးတွေကို စာအုပ်များငှားပေးလိုက်ပြီး စာမဖတ်တတ်သေးတဲ့ မူလတန်းအောက်ဆင့် ကလေးများအတွက် မိဘများက ဖတ်ပြကာ ကလေးများရဲ့ ခံစားချက်ကို မိဘများက ကလေးများကိုယ်စား ရေးသားတင်ပြစေပါတယ်။ စာဖတ်တတ်သည့် ကလေးများအတွက် သူတို့ကိုယ်တိုင်ဖတ်ပြီး စာအုပ်မှ ရရှိတဲ့အချက်အလက်၊ အကျဉ်းချုပ်၊ သူတို့ကိုယ်တိုင်ရေးသားတင်ပြစေပါတယ်။ မူလတန်းအရွယ်ကပင် စာကြည့်တိုက်ကို အသုံးချတတ်အောင် သင်ပေးနေတာကို တွေ့ခဲ့ရပါတယ်။ ကလေးများကိုယ်တိုင်က စာကြည့်တိုက်ကို ပျော်စရာနေရာတစ်ခုအဖြစ် အသိအမှတ်ပြုပြီး စာကြည့်တိုက်သွားရမှာကို ပျော်နေကြပါတယ်။ အလယ်တန်း၊ အထက်တန်းများအတွက် အချိန်ဇယားမှာ စာကြည့်တိုက်အသုံးချချိန်ကို ရေးဆွဲထားပြီး မလွဲမသွေ သွားကြပါတယ်။ တစ်လမှာ စာအုပ်လေးအုပ် မဖတ်မနေရ ဖတ်ရပါတယ်။ ဖတ်ပြီးတဲ့ စာအုပ်နှင့် ပတ်သက်ပြီး မိမိရဲ့ တွေ့ရှိချက်၊ ခံစားချက်၊ အကြံပြုချက်၊ ထင်မြင်ချက်များကို "Book Review" အဖြစ် ရေးသားတင်ပြစေပါတယ်။ ကလေးများရဲ့ ရေးသားတင်ပြချက်များမှ အကောင်းဆုံးတင်ပြချက်များ၊ သုံးလမှာ စာအုပ် ၁၂ အုပ်နှင့်အထက် ငှားရမ်းဖတ်ရှုသူများကို "Super Reader Certificate" ချီးမြှင့်ဂုဏ်ပြုပေးခြင်းဖြင့် ကလေးများရဲ့ စာဖတ်အားကို မြင့်စေပါတယ်။

ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းစာကြည့်တိုက်ကို အသုံးချတတ်အောင် ငယ်စဉ်ကပင် ပုံသွင်းခြင်း၊ စာကြည့်တိုက်ချစ်တတ်လာအောင် စာဖတ်ရှိန်မြင့်အောင် မြှင့်တင်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါတယ်။ စာမဖတ်တဲ့ကလေးများ၊ စာဖတ်တတ်သူများ စာကြည့်တိုက်ကိုလာချင်အောင် စာကြည့်တိုက်မှ တာဝန်ရှိသူများအနေနှင့် စာကြည့်တိုက်ကို Happy Surrounding ဖြစ်အောင် ကြံဆကြိုးစား လုပ်ဆောင်သင့်ပါတယ်။ ပြပွဲ၊ ပြိုင်ပွဲများ၊ ဆုပေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပအောင် ပန်းပင်များနှင့်တန်ဆာဆင်ခြင်း စသည့်နည်းမျိုးစုံနှင့် စာကြည့်တိုက်ကို လာချင်အောင် ဖန်တီးပေးရမှာဖြစ်ပါတယ်။ စာကြည့်တိုက်မှူးများကိုလည်း စာဖတ်များသည့် ပုဂ္ဂိုလ်များ၊ စာအုပ်စာပေကို ချစ်မြတ်နိုးပြီး စာအုပ်ချစ်တဲ့သူများကို တာဝန်ပေးသင့်ပါတယ်။ ကျွန်မသွားနေကြ ဗြဟ္မစိုရ်စာကြည့်တိုက်မှ ကိုသူရနှင့် စာကြည့်တိုက်ဝန်ထမ်းတွေဟာ စာဖတ်များသူများ ဖြစ်တာကိုတွေ့ရပါတယ်။ ကျွန်မရေးလိုက်တဲ့ အကြောင်းအရာတစ်ခုနှင့်ပတ်သက်ပြီး သူတို့ကို ကြိုဖုန်းဆက်ထားရင် သူတို့အားလုံးက ကျွန်မ သိချင်တဲ့ အကြောင်းအရာနှင့် ပတ်သက်တဲ့ စာအုပ်၊ စာတမ်း၊ ဂျာနယ်တွေကို ရှာပေးထားကြပါတယ်။ ဘယ်အကြောင်းအရာဟာ ဘယ်သူရေးတဲ့ ဘယ်စာအုပ်မှာရှိတယ်။ ဘယ်စာအုပ်ဟာ ဘာအကြောင်းအရာတွေ ရေးထားတယ်ဆိုတာကို သူတို့တော်တော်များများသိကြပါတယ်။ အဲ့ဒီလိုလုပ်ငန်းမှာ စိတ်ဝင်စားပြီး ကျွမ်းကျင်တဲ့ စာကြည့်တိုက်မှူးတွေ လိုအပ်သလို စာကြည့်တိုက်အတွက် ထားသင့်ပြီး လိုအပ်တဲ့ စာအုပ်စာတမ်းတွေ လစဉ်ဖြည့်တင်းပေးဖို့၊ စာကြည့်တိုက်တိုးတက်ဖို့ လိုအပ်တဲ့ ငွေကြေးအတွက် ရပ်မိရပ်ဖအလှူရှင်များကို စည်းရုံးဖို့ လိုပါတယ်။ စာကြည့်တိုက်နဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းများ နားလည်အောင် စာကြည့်တိုက်နဲ့ ပတ်သက်တဲ့ သင်တန်းများကို အခါအားလျော်စွာ စာကြည့်တိုက်တာဝန်ခံများကို တတ်စေသင့်ပါတယ်။ စာကြည့်တိုက်တစ်တိုက် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ရှင်သန်ဖွံ့ဖြိုးစေဖို့ "တစ်ယောက်အားနဲ့ ယူသော် မရ၊ အများအားနဲ့ယူသော် ရနိုင်ပါတယ်၊ ပြိုင်တူတွန်းရင် ရွေ့နိုင်ပါတယ်" ဆိုတဲ့စကားကို လက်ကိုင်ပြုရင် အောင်မြင်တဲ့ စာကြည့်တိုက်ဖြစ်လာနိုင်ပါတယ်။

(၈-၅-၂၀၂၄)ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာဖတ်ပြီးကတည်းက စာကြည့်တိုက်လှူဖို့ စိတ်အားထက်သန်နေတဲ့ ကျွန်မက သူငယ်ချင်းတွေကို ပြောပြတဲ့အခါ သူတို့က အားရဝမ်းသာလှူဖို့ အားပေးကြပါတယ်။ ဦးစိန်ဝင်းအောင် (မြို့တော်ဝန်၊ သံအမတ်ကြီး-ငြိမ်း)က စာအုပ် ၁၁၁ အုပ်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက ၄၃၃ အုပ်၊ မြသုံးလုံး မော်တော်ယာဉ်မှ ဒေါ်ဌေးဌေးက ၁၁၂ အုပ်၊ အိုးဝေ မြေနီကျင်းက ၂၅ အုပ်၊ ဒေါ်မေသန်းစီ(လ/ထ ညွှန်(ငြိမ်း))က ၁၀ အုပ်၊ ကျွန်မက ၄၃၉ အုပ်၊ စာအုပ်ပေါင်း ၁၀၃၀ အုပ် လှူနိုင်လို့ စာအုပ်ထည့်ဖို့ ဗီရို ငါးသိန်းတန်ကိုလည်း စုလှူကြပါတယ်။ ဦးစိန်ဝင်းအောင်(မြို့တော်ဝန်၊ သံအမတ်ကြီး-ငြိမ်း)၊ အ.ထ.က(၈)ကျောင်းအုပ်ကြီး(ငြိမ်း)ဒေါ်ခင်ရီရီသော်၊ အစ်မကြီးများလို ချစ်ခင်လေးစားရတဲ့ ဒေါ်ညွန့်ညွန့်၊ ဒေါ်ဝင်းကြည်၊ ကျွန်မအပါအဝင် ငယ်သူငယ်ချင်းငါးယောက်က တစ်ယောက်တစ်သိန်းစီ စုပြီး ဗီရိုလှူကြပါတယ်။ သဒ္ဓါတရားထပ်မံပွားလာတဲ့အတွက် စားပွဲနှင့်ကုလားထိုင်ပါ လှူဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မရဲ့ဆန္ဒကို အကောင်အထည်ဖော်ပေးတဲ့အနေနဲ့ သမီးက အင်ဂျင်နီယာ ဦးသိန်းဇော်ရဲ့ အကူအညီနဲ့ လိုအပ်ပစ္စည်းဝယ်ပေးကာ လက်ခစားနဲ့ အိမ်မှာလုပ်တဲ့အခါ ဈေးလည်းသက်သာ၊ ခိုင်ခံ့လှပတဲ့ စားပွဲလေးလုံးနဲ့ ကုလားထိုင် ၁၆ လုံး လှူဖြစ်သွားပါတယ်။ စာကြည့်တိုက်ဝန်းကျင် သာယာလှပစေဖို့ ပန်းပင်နှင့် ပန်းအိုးတွေကို မြသုံးလုံးက ဒေါ်ဌေးဌေးက လှူမယ်ဆိုတော့ ကျွန်မတော်တော်ဝမ်းသာသွားပါတယ်။ ပန်းတွေနဲ့ဝေပြီး လှပတဲ့စာကြည့်တိုက်မှာ ဖတ်ရန် စာအုပ်များ၊ ပရိဘောဂများ လှူနိုင်အောင် ကူညီကြတဲ့ သူငယ်ချင်း၊ မိတ်ဆွေတွေ အားလုံးကို ပီတိစိတ်နဲ့ ကျေးဇူးတင်နေပါတယ်။

ကျွန်မလိုပဲ အစုလိုက် အပုံလိုက် ငွေမရှိပေမယ့် လှူမယ်ဆိုတဲ့စိတ်ထက်သန်ရင် လှူနိုင်တာ လက်တွေ့မို့ စာကြည့်တိုက်ဆောက်လှူခြင်းဖြင့် ပညာဘဏ်တိုက်ဖွင့်ကြပါရန် တိုက်တွန်းရေးသားအပ်ပါတယ်။ ပညာဘဏ်တိုက်များများဖွင့်နိုင်လေလေ စာဖတ်သူများလေလေဖြစ်ပြီး နိုင်ငံမှာ စာတတ်သူ၊ စာဖတ်သူတိုးပွားလာကာ အသိဉာဏ်ဗဟုသုတဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် မုချမသွေရောက်ရှိမည်မှာ ဧကန်မလွဲဖြစ်ပါတယ်။

အေးအေးခိုင်(ပညာရေး)

# စုပေါင်း မဟာဘုံကထိန်ပွဲ ဆင်နွှဲမြိုင်မြိုင် လတန်ဆောင်တိုင်



**မန္တလေး နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)၏ (၂၉) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ရန်မိုးလုံရပ်ကွက်၊ ၃၁ လမ်း၊ လမ်း ၇၀နှင့် ၇၁ လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်မြို့နယ်၊ ဒွေးလှကျေးရွာ၊ ရေနားကျောင်းမှ ဆရာတော်၊ သံဃာတော်များအားပင့်ဖိတ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့နယ်၊ ရေနားကျောင်းဆရာတော်ထံမှ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဥက္ကဋ္ဌနှင့် ဧည့်ပရိတ်သတ်များက သီလခံယူဆောက်တည်ပြီး ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား မျက်စိအထူးကုဆရာဝန်ကြီးပါမောက္ခဒေါက်တာဦးကိုလေး+ဒေါက်တာဒေါ်သင်းကြူအေး မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)

**ပြင်ဦးလွင် နိုဝင်ဘာ ၁၁**

၂၀၂၄ ခုနှစ်၊ သတ္တမအကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး အခြေခံပညာရေးမိသားစု သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို နိုဝင်ဘာ ၉ ရက်၊ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ်၊ မြေပုံကျေးရွာ၊ အောင်မင်္ဂလာကျောင်းတိုက်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ 'နမောတဿ' (၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ဩကာသ ကန်တော့ချိုးရွတ်ဆို၍ သီလဆောက်တည်ခြင်း၊ သံဃာတော်တို့ထံမှ မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက သံဃာတော်တို့ထံသို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ အသီးသီး ဆပ်ကပ်လှူဒါန်းခဲ့ကြသည်။




ဆက်လက်ပြီး သံဃာတော်တို့ထံမှ အနုမောဒနာရေစက်ချတရားနာယူကြည်ညိုကြပြီး ပရိတ်သတ်များက ဩကာသကန်တော့ချိုးဖြင့် ပြန်လည်ကန်တော့ကြ၍ 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု'(၃)ကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြ၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးရွှေနေအသင်းမိသားစု၏ (၃၈)ကြိမ်မြောက် မဟာဘုံကထိန်အား မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၅၂ လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားရှိ 'ရှင်အရဟံမွန်းတည့်သိမ်တော်'ကျောင်းတိုက်တွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့ရာ မန္တလေးရွှေနေအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင် တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၊ အလုပ်သင်ရှေ့နေများ တက်ရောက်ကြ၍ လှူဖွယ်ပစ္စည်းအစုစုတို့ကို ပဒေသာပင် ခင်းကျင်းထားသည်။ **(အောက်ပုံ)**

ထို့နောက် မန္တလေးရှေ့နေအသင်းမှ ရှင်အရဟံမွန်းတည့် သိမ်တော်ကျောင်းတိုက် စိန်ရွှေရတနာကျောင်းဆရာတော်ဘဒ္ဒန္တ ဦးအာစရ အမှူးပြုသော သံဃာတော် ၅၅ ပါးတို့ထံ၌ ငါးပါးသီလခံယူ၍ ဆွမ်း၊ ခဲဖွယ်၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း အစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်မှ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရသည့် အကျိုးတရားများကို ဟောပြောခဲ့ပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ (ဝ၄၇)



# လက်ဖက်ပွဲ၏ ဆေးအလင်္ကာ

အလှူတော်၊ မင်္ဂလာဆောင်စသဖြင့် အခမ်းအနားတိုင်းလိုလို၌ လက်ဖက်ပွဲကို တွဲဖက်ဧည့်ခံလေ့ရှိကြသည်။ လက်ဖက်ကြိုက်သူများအဖို့ အထူးနှစ်သက်စရာ ဖြစ်စေသည်။ စိတ်ကျေနပ်စရာ ဖြစ်စေသည်။ လက်ဖက်ကို ဇွန်းကလေးဖြင့် စားလိုက်သည့် တစ်ခဏချင်းပင် နှုတ်ခံတွင်းရှင်သွားစေသည်။ တစ်ဇွန်းပြီး တစ်ဇွန်းဆက်လက်စားဖြစ်စေသည်။ ဤမျှထိပင် လက်ဖက်၏ အရသာသည် ထူးကဲပြီး နှုတ်ခံတွင်းလိုက်လှသည်။

လက်ဖက်ကို ပိုမိုစားကောင်းစေရန် ကြက်သွန်ဖြူ၊ နှမ်းလှော်၊ ပဲကြော်စုံတို့အပြင် ပုစွန်ခြောက်၊ ချင်း ပါထည့်၍ လက်ဖက်ပွဲကို မွမ်းမံလိုက်သောအခါတွင်မူ စားချင်စဖွယ် သရေယိုဖွယ်ရာ အလင်္ကာမြောက် လက်ဖက်တစ်ပွဲဖြစ်သွားတော့သည်။ ထိုအလင်္ကာမှာ ဆေးဝါးအသွင်ဖြစ်သွားသော ဆေးအလင်္ကာပင် ဖြစ်သည်။

လက်ဖက်ပွဲ၏ ဆေးအလင်္ကာကို သရုပ်ခွဲကြည့်လျှင် လက်ဖက်၏ အရသာမှာ ဖန်ခါးဆိမ့်ဖြစ်သည်။ အထူးသဖြင့် အဖန်ဓာတ်နှင့် အခါးဓာတ်တို့က ဦးဆောင်နေသည်။ အဖန်ဓာတ်လွန်ကဲမှုကြောင့် ဆီး၊ ဝမ်း၊ လေတို့ကို ချုပ်စေသည်။ ၎င်းအချုပ်ဓာတ်များပြေစေရန် လက်ဖက်သားကို နှမ်းဆီစစ်စစ်ဖြင့် စိမ်၍ နယ်(နှပ်)ထားခြင်းကြောင့် လက်ဖက်၏ ဖန်ခါးစိမ့်အရသာကို နှမ်းဆီ၏ ပူခါးဆိမ့်အရသာဖြင့် ပြန်၍ထိန်းထားသည်ကို တွေ့ရမည်။ ဤသို့ လက်ဖက်ကို နှမ်းဆီစစ်စစ်ဖြင့် တွဲဖက်ပေးလိုက်သောအခါ ဘေးအဖြစ်မှ ဆေးအဖြစ်သို့ ပြောင်းလဲသွားသည်။

သို့ရာတွင် အတိုင်းအဆမရှိ လက်ဖက်သားချည်းစားပါက ဆီးဝမ်းလေချုပ်ပြီး ဝေဒနာခံစားရပေမည်။

လက်ဖက်ကို အလွန်အကျွံစားမိသော်လည်း ဘေးမဖြစ်သော နည်းကို ရှေးလူကြီးများက ညွှန်ပြထားခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုနည်းမှာ သဘော်ရွက်မနုမရင့်ကို နွမ်းရုံမီးမြိုက်ပြီး ရေဖြင့်သန့်စင်ကာ ပါးပါးလှီး၍ လက်ဖက်ဖြင့် ဆတူရောနှောရသည်။ ထို့နောက် နှမ်းဆီစစ်စစ်နှင့် နယ်ကာ ကြက်သွန်ဖြူဥတစ်လုံးဖြင့် စားစေခြင်းဖြစ်သည်။ ဤသည်မှာ အပြစ်ကင်းသော လက်ဖက်စားနည်းတစ်ခုပင်ဖြစ်သည်။

လက်ဖက်သည် ဖန်ခါးစိမ့်(လေချုပ်စာ) ဖြစ်သည်။ သို့ရာတွင် ပူခါးစပ်အရသာရှိ သဘော်ရွက်နှင့် တွဲစပ်စားစေသောအခါ လေမချုပ်တော့ဘဲ အပွင့်ဓာတ်ဖြစ်သွားသည်။ ထို့အပြင် နှမ်းဆီစစ်စစ် ကြက်သွန်ဖြူဖြင့် ရောနှောစားခြင်းဖြင့် လေဓာတ်ရရှိစေကာ အပြစ်ကင်းသော စားနည်းတစ်ခု ဖြစ်သွားစေသည်။

လက်ဖက်ပွဲ၏ အဆင်တန်ဆာကိုကြည့်လျှင် လက်ဖက်ကို နှမ်းဆီဆမ်း၍ နှမ်းလှော်ဖြည့်ထားသည်။ နှမ်းသည် အရသာအားဖြင့် ပူ၊ ဆိမ့်၊ စပ်ခါး၊ ငန် ဖြစ်သည်။ နှမ်းဆီနှင့် နှမ်းလှော်တို့သည် လေနိုင်၍ ဝမ်းမီးအားကောင်းစေသည်။ အအေးဓာတ်နွယ်သော လက်ဖက်ကို ထိန်းနိုင်စွမ်းရှိသွားသည်။

လက်ဖက်ပွဲတွင် ပဲကြီးကြော်လည်း တွဲဖက်ပါဝင်နေသည်။ ပဲကြီးမှာ ပူဆိမ့်အရသာရှိပြီး လက်ဖက်၏ အဖန်(အချုပ်)ဓာတ်ကို ထိန်းပေးထားသည်။

ထို့အပြင် လက်ဖက်ပွဲ၌ ကြက်သွန်ဖြူကိုလည်း ထည့်ထားသည်။ ကြက်သွန်ဖြူသည် ပူဆိမ့်စပ်ချို အနည်းငယ်ငန်ပြီး အစာကြေ ဝမ်းမီးအားကောင်းစေသည်။ လေကို နိုင်သည်။ သွေးနှင့် သင့်သည်။ ပိုးကို ပယ်နိုင်သော သတ္တိရှိသည်။ ထို့အတွက် လက်ဖက်၏ အေး၊ ခါး၊ ဖန် အရသာကို စပ်၊ ချို၊ ငန်အရသာဖြင့် ဖြေလိုက်ပြီး ဆီးနည်း၊ လေသက်စေသည်။



တစ်ဖန် လက်ဖက်ပွဲတွင် ချင်းကိုပါ ဒွန်တွဲ၍ ထည့်ကြသည်။ ချင်းကို ရေစိမ်ပြီး ပါးပါးလှီး၍တစ်ဖုံ၊ နုပ်နုပ်စဉ်း၍တစ်နည်း ထည့်စားကြသည်။ ချင်း၏ ဓာတ်သဘောမှာ ဥဏှတေဇော (အပူ)၊ အတက်သဘောရှိသည်။ အစာမကြေ၊ ရင်ဝမ်းတင်းခြင်းကို ပယ်ပျောက်စေသည်။ ဝမ်းသက်၊ သွေးသက်၍ ဆီးနည်းစေသည်။ ထို့ကြောင့် လက်ဖက်၏ အေး၊ ခါး၊ ဖန်ချုပ်သော သတ္တိကို ချင်း၏ ပူစပ်ပွင့်ဓာတ်က အထိန်းအကွပ် ဖြစ်သွားစေသည်။ လက်ဖက်စားသုံးခြင်းဖြင့် နှုတ်မမြိန်၊ ခံတွင်းမလိုက်၊ အသံတုန်၊ ခြေလက်တုန်၊ အစာနင်၊ ကြို့ထိုးခြင်းများကိုလည်း ကင်းရှင်းစေသည်။

လူတစ်ဦးတွင် သွေးအားသည် အဓိကကျသကဲ့သို့ လေအားကလည်း ပဓာနကျသည်။ လေအားရှိနေပါမှ သွေးသွားလာခြင်းအမှုဖြစ်စေမည်။ သွေးသွားလာပါမှ ကိုယ်ကျန်းမာ စိတ်ချမ်းသာပေမည်။ အသက်အရွယ်ကြီးလာသည့်အခါ လေအား သွေးအားများ ဆုတ်ယုတ်လာသည်။ ထို့အတွက်ကြောင့် ရှေးလူကြီးများက '**အသက်ကြီးလျှင် လက်ဖက်အုပ်ပြင်**'ဟူ၍ အမှာစကားပြုထားသည်။ ဤစကားသည်လည်း မှတ်သားစရာပင် ဖြစ်ပေသည်။

ဤသို့ဆိုလျှင် လက်ဖက်နှင့်အတူ နှမ်းဆီ၊ နှမ်းလှော်၊ ပဲကြော်စုံ၊ ကြက်သွန်ဖြူ၊ ချင်းတို့ဖြင့် ဝန်းရံမွမ်းမံထားသော လက်ဖက်ပွဲသည် ရှေးယခင်မှသည် မျက်မှောက်ချိန်ထိတိုင် ဆေးအလင်္ကာမြောက်လျက် ရှိနေတော့သည် မဟုတ်ပါလား။

မျိုးဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီးငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မြစ်သားမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Guard Post စိုက်ထူခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း ရက်တိုးမြှင့်ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက် - ၄-၁၁-၂၀၂၄ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံ အရောင်း ပိတ်မည့်နေ့ရက် - ၂၀-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း
(ဂ) တင်ဒါပုံစံတင်သွင်း ရမည့်နေ့ရက် - ၂၇-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း
(ဃ) တင်ဒါတင်သွင်း ရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃) သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့


**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ



# ရေကြီးရေလျှံခြင်းမှ လျော့နည်းကင်းဝေးစေရေးစီမံကိန်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်များကို ဦးစားပေးအလိုက် သတ်မှတ်ပြီး ပညာရှင်များ ရေးဆွဲထားသည့် ရေကြီးရေလျှံခြင်းမှ လျော့နည်းကင်းဝေးစေရေးစီမံကိန်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ခရိုင်၊ မြို့နယ် စုပေါင်းရုံးရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းက ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ပညာရှင်များရေးဆွဲထားသည့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်း၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က တာချီလိတ်မြို့ ရေကြီးရေလျှံမှုဖြစ်ရခြင်းအကြောင်းများ၊ ပြီးပြည့်စုံသော ရေနုတ်မြောင်းစနစ်၊ ရေနုတ်မြောင်းကွန်ရက် ပြင်ဆင်ရေးဆွဲခြင်းများ၊ ရေကာတာတမံများ အပြည့်အဝတည်ဆောက်ခြင်း၊ ရေကာတာတမံ၏ အဓိကအစိတ်အပိုင်းဖြစ်သော ရေထွက်ပေါက်များအား တစ်ချိန်တည်း တည်ဆောက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ခရမ်းချဉ်သီးဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိနေ

**ညောင်ဦး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် ခရမ်းချဉ်သီးဈေးနှုန်းများ ဆက်လက်မြင့်တက်နေလျက်ရှိပြီး ဒေသထွက် ခရမ်းချဉ်သီးများလည်း ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း ညောင်ဦးမြို့နယ်၊ ညောင်နီကျင်းကျေးရွာ ခရမ်းချဉ် စိုက်ပျိုးတောင်သူများထံက သိရသည်။

ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် အောက်တိုဘာလပထမပတ်မှစတင်ကာ ခရမ်းချဉ်သီးဈေး တစ်ပိဿာ ငွေကျပ် ၅၀၀၀ ဖြစ်ခဲ့ပြီး အောက်တိုဘာလ စတုတ္ထပတ်တွင် ခရမ်းချဉ်သီး တစ်ပိဿာကို ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်

ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ မိုးခရမ်းချဉ်စိုက်ပျိုးကာ အထွက်နှုန်းကောင်းမွန်ခဲ့သော်လည်း ရန်ကုန်နှင့် မန္တလေးဒေသကြီးများသို့ ပွဲစားများမှတစ်ဆင့် ပြန်လည်ရောင်းချခြင်းနှင့် စိုက်ပျိုးသူကိုယ်တိုင် တိုက်ရိုက်ရောင်းချခဲ့ခြင်းဖြင့် ခရမ်းချဉ် စိုက်ပျိုးတောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကာ ကိုင်းခရမ်းချဉ် တစ်ပိဿာ ငွေကျပ် ၇၅၀၀ ထိ ဈေးရခဲ့သည်။ ခရမ်းချဉ်သီးဈေးနှုန်း အဆမတန်တက်ခဲ့ခြင်းမှာလည်း ရှမ်းပြည်နယ်၊ အင်းလေးဒေသ ရေကြီးနစ်မြုပ်ခဲ့ခြင်းက ခရမ်းချဉ်သီးဈေးတက်ခဲ့ခြင်း အဓိကဖြစ်ခဲ့ကြောင်း ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။

(အပေါ်ပုံ)

(၄၈၁)

*-*-*-*-*-*-*

# နှစ်ရှည်သီးနှံပင်များ ပေးအပ်ပွဲပြုလုပ်

**ခန္တီး နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးသွင်းအားစုများနှင့် နှစ်ရှည်သီးနှံပင်များ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါမြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ထို့နောက် အခမ်းအနားတွင် ခန္တီးမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နတလ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်မော်လွင်က အမှာစကား ပြောကြားခဲ့သည်။ မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပေးအပ်ပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ၊ နေကြာမျိုးစေ့၊ မြေပဲမျိုးစေ့များနှင့် နှစ်ရှည်သီးနှံပင်များ ပေးအပ်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်း ၈ ဦး၊ တောင်သူ ၂၅ ဦး၊ စုစုပေါင်း ၃၃ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



# စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်း ကျင်းပ

**လယ်ဝေး နိုဝင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းအခမ်းအနားကို ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်က အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အ·ထ·က(ခွဲ)(အောင်းကုန်း) Grade-11 မှ မမြတ်ဆုကျော်က လူငယ်နှင့်စာဖတ်ခြင်း၊Grade-10မှ မသဲငုဝါခင်က လူငယ်နှင့်စာရိတ္တ၊ Grade-11 မှ မအိအိငြိမ်းက လူငယ်နှင့်ရည်မှန်းချက်၊ Grade-10 မှ မယွန်းပြည့်စုံက လူငယ်နှင့်ကျန်းမာရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်ပြပွဲအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...
❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများပိုမိုရရှိစေမည်ဖြစ်...
❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏၂၀၂၄ ခုနှစ်၊ ဖွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်းစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ်၊ ငွေကြေးအင်အားနှင့် သယံဇာတအရင်းအမြစ်များသည် အကန့်အသတ်နှင့်ရှိနေပြီး ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကောင်းမွန်ခြင်းဖြင့် ရှိပြီးအရင်းအမြစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်နှင့် တည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားကောင်းခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း။

ယခု ဖွင့်လှစ်သည့်သင်တန်းသို့ တက်ရောက်သည့် သင်တန်းသားများအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်နှင့် လက်တွေ့သင်ခန်းစာများကို သေချာစွာလေ့လာသင်ကြားပြီး မိမိတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် စနစ်တကျအသုံးချသွားကြရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် ပံ့ပိုးဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈)တွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ခြေစမ်းပွဲ ကစားရန် ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ခြေစမ်းပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ထွက်ခွာသွားသည်။

ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်ပြီး ခြေစမ်းပွဲ ၁ ပွဲ ကစားပြီးနောက် နိုဝင်ဘာ ၁၄ ရက်တွင် ပြိုင်ပွဲကျင်းပရာ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။





ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်မည်ဖြစ်ပြီး ထိုင်း ခြေစမ်းခရီးစဉ်သို့ ကစားသမား ၁၆ ဦး လိုက်ပါသွားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ၂၀၂၄ အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၃၀ မိနစ်တွင် အိမ်ရှင် ဖိလစ်ပိုင်၊ နိုဝင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန်နေ့လယ် ၂ နာရီ ၃၀ မိနစ်တွင် ဗီယက်နမ်၊ နိုဝင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၃၀ မိနစ်တွင် ထိုင်း၊ နိုဝင်ဘာ ၁၉ ရက်နေ့လယ် ၂ နာရီ ၃၀ မိနစ်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲအား ၅ သင်း အုပ်စုပတ်လည်စနစ်ဖြင့် ကစားသွားမည်ဖြစ်ပြီး အုပ်စုပထမနှင့် ဒုတိယရအသင်းသည် ဗိုလ်လုပွဲအဖြစ်လည်းကောင်း၊ အုပ်စုတတိယနှင့် စတုတ္ထရအသင်းသည် တတိယလုပွဲအဖြစ်လည်းကောင်း ကစားသွားမည်ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

(NGB)

0-0-0-0-0



# ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ယွန်းယွန်းသို့ ဖြည်းညင်းရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးလ်ကမ်းခြေ/သီရိလင်္ကာနိုင်ငံကမ်းခြေတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ